The Agribiz News
www.agribiznews.com.mm
သယ်ယာ စိုက်ပျိုး သတင်း
e-Paper-0046
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ပင်မဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်

# စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်ပွဲအခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင် ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန

စာ-၂ သို့

မြေကြီးကရွှေသီးစေမည့် ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသ
စာ-၈

ဆီဖူလုံရေးအတွက်အားထားရမည့် ဆီအုန်းစပ်မျိုး
စာ-၁၆

ရွှေဖုံးမှ-

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ပင်မဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပင်မအဆောက်အဦ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ် (မအူပင်) ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ် (မအူပင်) ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တစ်ခုလုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်သကဲ့သို့ စတင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားရေး ဆရာ၊ ဆရာမများ အတွက်လည်း သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်မည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူ ပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်လှစ်ရသည့်

စာ -၄ သို့

# ရာသီပွဲတော်ကာလများအတွင်း ဝယ်လိုအားမြင့်မားမှုကြောင့် အာလူးဈေးကွက် မြင့်တက်လျက်ရှိ

**နောင်**တရား အာလူးအသင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ ရာသီအစနှင့် ပွဲတော်ကာလများအတွင်း ဝယ်လိုအား မြင့်မားနေသောကြောင့် အာလူးဈေးကွက် လက်ရှိတွင် အထူးမြင့်တက်လျက်ရှိကြောင်း သိရသည်။

အာလူးစိုက်ပျိုးသူများသည် ဤပွဲတော်ကာလအတွင်း (ကထိန်သင်္ကန်းကပ်လှူပွဲ အပါအဝင်) အာလူးဝယ်လိုအား တဖြည်းဖြည်း တိုးတက်လာပြီး ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ ကောင်းမွန်နေကြောင်း ဖော်ပြကြသည်။

အာလူးဈေးကွက်သည် ပုံမှန်အားဖြင့် ပုံမှန်စားသုံးသူများသာရှိနေကြသော်လည်း ပွဲတော် ကာလရောက်သည့်အခါ ကထိန်အခမ်းအနားကဲ့သို့ ဘာသာရေးပွဲတော်ရက်များရှိလာသောကြောင့် ဝယ်ယူမှုများ တိုးလာသောကြောင့် လက်ရှိဈေးကွက်ကောင်းနေကြောင်းကို နောင်တရား အာလူးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ယခုကာလသည် အာလူးထွက်ရှိမှုနည်းပါး သောကာလဖြစ်ပြီး ရောင်းကုန်ထက် ဝယ်လိုအားက ပိုမိုများပြားနေကြောင်း အဆိုပါ တာဝန်ရှိသူက မှတ်ချက်ပြုပါသည်။

ဧပြီနှင့် မေလများတွင် စိုက်ပျိုးထွက်ရှိခဲ့သော အာလူးများကို ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလများအတွင်း ထွက်ရှိစားသုံးပြီးဖြစ်သည်။ ယခုအခါ မိုးဦးကျမှ စိုက်ပျိုးထားသည့် အာလူးများ ရှားပါးလာပြီဖြစ်သည်။ ထို့အပြင် ဩဂုတ်တွင် စိုက်ပျိုးခဲ့သော အာလူးများကို မရိတ်သိမ်းရသေးပဲရှိနေသည်။ ထို့ကြောင့် ဤကာလအတွင်း ဝယ်လိုအား မြင့်တက်နေသော်လည်း အထွက်နှုန်းမှာ ပိုမိုနည်းပါးနေကြောင်း ၎င်းက ရှင်းပြခဲ့သည်။

သို့သော် အာလူးသစ်များ တူးဖော်ခြင်းကို ဒီဇင်ဘာတွင် ပြန်လည်စတင်နိုင်မည်ဟု မျှော်မှန်းရပြီး မတ်အထိ အာလူးများ အလုံအလောက်ရရှိလာကာ ဈေးကွက်သည် ပုံမှန်အဆင့်သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

ပြည်တွင်းအာလူးဈေးကွက်သည် သင့်တင့်သောဈေးနှုန်းအဆင့်တွင်ရှိနေပါက တောင်သူများသည် အာလူးစိုက်ဧက တိုးချဲ့နိုင်ကြောင်း အဆိုပါ တာဝန်ရှိသူက ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/potato-market-thrives-due-to-high-demand-during-open-season-festivals/

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လပတ်အတွက်
# မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများ အားဖြင့်သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ် ထူထပ်နိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင်ရွာသွန်းမြဲထက်ပိုနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင်ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှသုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှ အပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည် နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့ နှင့် ဇလွန်မြို့ တို့တွင်၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခွဲခန့်နှင့် ပဲခူးမြို့ တွင် ၂ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့ တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည်မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့ နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ၂ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။

Agribiz News www.agribiznews.com.mm
agribiznews.com.mm

Agribiz
Mobile Application

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

ထုတ်ဝေသူ
ဒေါက်တာအောင်ဖံထွေး(မြဲ-၀၀၄၁၀)

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

လိပ်စာ
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

စာ-၂ မှ-

အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာ သိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရ ပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင် ကြစေရန်ပင် ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် စိုက်ပျိုးရေး ပညာရှင်များ၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာသင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြု တက္ကသိုလ်တစ်ခု (Research Oriented University) အဖြစ် တိုးမြှင့် ဖြစ်ပေါ်လာစေရန်ကိုလည်း မျှော်မှန်းဦးတည်ချက်ထားရှိကြောင်း၊ ယခုတက္ကသိုလ်မှ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များနှင့် စိုက်ပျိုး မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေး လုပ်ငန်းများကို ချိတ်ဆက် ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက မောင်းနှင်အား တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာကို ကြည့်ပါကလည်း ဖွံ့ဖြိုးပြီးနိုင်ငံများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံများ သည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာဖူလုံအောင်၊ ပိုလျှံအောင်လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ပြီး MSME လုပ်ငန်းများ မှတစ်ဆင့် နိုင်ငံတော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း၊ မိမိတို့နိုင်ငံ တွင်လည်း ကြွယ်ဝသည့် ရေမြေသဘာဝအရင်းအမြစ်များနှင့် ရာသီဥတုကောင်းမွန်မှုကို အရင်းပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်စေရန်နှင့် အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ) ၏၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများဖြစ်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေအမြောက်အများရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ဂေဟာစနစ်မျိုးစုံရှိခြင်း၊ ရေချိုအရင်းအမြစ် ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံ သည်သာမက ပိုလျှံသည့် လယ်ယာသားငါးထွက်ကုန်များကို ပြည်ပကို တင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ "စပါးကျီ" အဖြစ် သမိုင်းအစဉ် အလာကြီးသည့် ဒေသဖြစ်ကြောင်း၊ ယခုလို စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ကို ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိက လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခင်က မြန်မာနိုင်ငံတွင် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်သည် တစ်ခုတည်းသော စိုက်ပျိုးရေး

စာ-၅ သို့




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်

စာ-၈ မှ-

အခြားသော ရေချိုရေငန်စပ် ဧရိယာများဖြစ်သော ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့တွင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် လပွတ္တာခရိုင်အတွင်း လပွတ္တာမြို့နယ်တွင်လည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရေငန်ဧရိယာများအတွင်း အထက်ဖော်ပြပါ ရေချိုရရှိစေမည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပေးခြင်းဖြင့် သီးထပ် စွမ်းအားများ တိုးတက်ရရှိစေမည်ဖြစ်သည်။

ကြက်ဖမွေးဇောင်းကျွန်းပတ်တာဧရိယာ အပါအဝင် ဖျာပုံမြို့နယ် သပြေကန် သိမ်ကုန်း ဧရိယာ၊ ဘိုကလေးမြို့နယ် ဒေါင့်ကြီးအထက်ကျွန်းပတ်တာဧရိယာ၊ ဒေးဒရဲမြို့နယ်ရှိ သံဒိတာ ဧရိယာနှင့် ကျောက်စရစ်ကျွန်း ဧရိယာ၊လပွတ္တာမြို့နယ် တီတွတ်ကျွန်း အပိုင်း(၄)တာ ဧရိယာများ တွင် နွေသီးထပ်စိုက်ပျိုးရေလုံ လောက် စွာ ပေး ဝေ နိုင် ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မူလစိုက်ဧက ၆၁၉၃၈ ဧက ရှိရာမှ ၆၆၈၀၀ ဧက တိုးတက်လာ နိုင်မည်ဖြစ်ပြီး စုစုပေါင်း သီးထပ်ဧရိယာ ၁၂၈၇၃၈ ဧက စိုက်ပျိုးလာနိုင်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ရေချို အရင်းအမြစ်ပေါများကြွယ်ဝ၍ မူလကပင် ရေငန်တားတာများ၊ ရေတံခါးများ တည်ရှိပြီး ဒေသဖြစ်ရာ ရေချိုသွင်းရေတံခါးနှင့် ရေချိုသွင်း တူးမြောင်းများ တည်ဆောက်ခြင်း၊ တည်ရှိပြီး ရေတံခါးများအား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ခြင်းဖြင့် ရေချိုရရှိရေးလုပ်ငန်းများအား အောင်မြင်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ကြီးမားသော ရေလှောင်တမံ ရေလွှဲဆည်စသည်များ တည်ဆောက်ရန် မလိုအပ်ဘဲ ကုန်ကျစရိတ်နည်းပါးစွာဖြင့် အလျင်အမြန် အကျိုးဖြစ်ထွန်းသော (Quick Win) နည်းလမ်းများဖြစ်သောကြောင့် များစွာ အကျိုးရှိစေမည်ဖြစ်ပါသည်။

ယခုအခါတွင် နိုင်ငံတော်အစိုးရမှလည်း 'တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံပေါများရေး' ဟူသော အမျိုးသားရေး ရည်မှန်းချက် ၂ ရပ်အား ချမှတ်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာတို့၏ အဓိက သီးနှံဖြစ်သည့် ဆန်စပါး ထုတ်လုပ်မှု အများဆုံး ဒေသတစ်ခုဖြစ်ပါသည်။ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် သီးထပ်သီးနှံစိုက်ပျိုးရေးသည် အရေးကြီးပြီး ထိုသီးထပ်စိုက်ပျိုးနိုင်မှုအတွက် အဓိက လိုအပ်ချက်မှာ ရေချို လုံလောက်စွာရရှိ ရေးပင် ဖြစ်ပါသည်။

အချုပ်အားဖြင့် မြန်မာတို့၏ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြစ်ချောင်းများ ကွန်ယက်သဖွယ် ခွဲဖြာစီးဆင်းနေခြင်း၊အလွန်ညီညာသော မြေနိမ့်လွင်ပြင်ဖြစ်ခြင်း၊ မြေဆီဩဇာ ကောင်းမွန်ခြင်း၊လူနေထိုင်မှုသိပ်သည်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်သည့်ဒေသဖြစ်ခြင်းစသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအားသာချက်များကို ပိုင်ဆိုင်ထားပါသည်။ ထိုအားသာချက်များအား ထိရောက်စွာ အသုံးချ၍ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်မည့် ရေချိုရရှိရေးဆောင်ရွက်မှုများ အကောင်အထည်ဖော်ပြီးစီးပါက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါးခင်းများသည် ယခုထက်ပိုမို၍ မြေကြီးမှ ရွှေသီးကာ နိုင်ငံ့စီးပွားရေးတိုးတက်မှုအား များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်းရေးသားတင်ပြအပ်ပါသည်။

**ကိုဇေယျာ**

AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန် ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)




နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံ ရိုက်ကူးစဉ်

စာ-၄ မှ

တက္ကသိုလ်ဖြစ်ပြီး အလားတူ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည်လည်း တစ်ခုတည်းသောတက္ကသိုလ်အဖြစ်ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်သည် တစ်နှစ်တွင် စိုက်ပျိုးရေးဘွဲ့ရပညာရှင် ၃၀၀ ခန့်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် ၂၀၀ ခန့်သာ မွေးထုတ်ပေးနိုင်ကြောင်း၊ ကိုလိုနီခေတ်က စတင်၍ ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ် ၂ ခုသည် နိုင်ငံတော်အတွက် လိုအပ်သည့် ဘွဲ့ရပညာရှင် အရေအတွက် လုံလောက်အောင် မွေးထုတ်ပေးနိုင်ခြင်း မရှိသည့်အတွက် ဖြည့်ဆည်း ပေးရမည့် လိုအပ်ချက်တစ်ခုဖြစ်ခဲ့ကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး နိုင်ငံတော်အတွက် အဆင့်မြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ရ ပညာရှင်များ၊ အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဒီပလိုမာလက်မှတ်ရ ပညာရှင်များ၊ စိုက်ပျိုးရေးမွေးမြူရေးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် အဆင့်ရှိ အသိအမှတ်ပြု လက်မှတ်ရပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း၊ ရှိရင်း စိုက်ပျိုးရေး သိပ္ပံ ၁၅ ကျောင်းမှ မွေးမြူရေးဘာသာရပ်ပါ သင်ကြားပေးနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံအဖြစ် ကျောင်း ၉ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်း ၁ ကျောင်းနှင့် တိရစ္ဆာန်ဆေးကုသရေးသိပ္ပံ ၁ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ယခင်ကာလထက် စုစုပေါင်း ၈,၃၅၂ ဦးကို ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် မအူပင်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှလည်း နှစ်စဉ် စိုက်ပျိုးမွေးမြူရေးပညာရှင် ၃၀၀ ဦးစီ မွေးထုတ် ပေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံပြီးလည်း အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အနာဂတ်မျှော်မှန်းချက် အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကောလိပ်ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်နိုင်ရန် ဆွေးနွေးသုံးသပ်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ကို ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ရည်မှန်းထားသည့်အတိုင်းလည်း ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် စိုက်ပျိုးရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၃ ခု၊ မွေးမြူရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၂ ခု၊ အခြေခံဝိဇ္ဇာသိပ္ပံပညာရပ်ဌာန ၃ ခု ပါဝင်ဖွဲ့စည်း ထားပြီး အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများနှင့် ဌာနအသီးသီးမှ ဘာသာရပ် ကျွမ်းကျင်သူ ပညာရှင်ကြီးများကို စုစည်းအားဖြည့်သင်ကြားပေးရန် စီစဉ်ထား သည်ဟု သိရှိရကြောင်း၊ အချို့ဘာသာရပ်များကိုလည်း ပညာရှင်များကို ဧည့်ပါမောက္ခကြီးများအဖြစ် ဖိတ်ကြားသင်ကြားပေးခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် အဖက်ဖက်က လစ်ဟာမှုမရှိအောင် ကြိုးပမ်းသွားရန် အကြံပြုလိုကြောင်း၊ ဘွဲ့လွန် သင်တန်းများ အဖြစ် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဖွင့်လှစ် ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး တက္ကသိုလ်၏ "စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကိုးရသည့် တက္ကသိုလ်တစ်ခု ဖြစ်လာမည်ကို ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ်သက်သက် အဖြစ်သာ ရှုမြင်လေ့ရှိကြောင်း၊ အမှန်တကယ်မှာ စိုက်ပျိုးရေးပညာရပ်များနှင့် သက်ဆိုင်သည့် မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ၊ ဘာသာရပ်များအပါအဝင် ဘာသာရပ် ၁၃ ခု၊ မွေးမြူရေးပညာရပ်နှင့် သက်ဆိုင်သည့် မွေးမြူရေးပညာ၊ ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွား ပညာ အပါအဝင် ဘာသာရပ် ၁၂ ခုစသည့် ဘာသာရပ်များနှင့် သီအိုရီနှင့် နည်းပညာ သဘောတရားများသည် ကျယ်ပြန့်ကြောင်း၊ အဆိုပါအချက်များကို နားလည်တတ်မြောက်ပြီး ရေ၊ မြေ၊ ရာသီဥတုစသည့် သဘာဝတရားများနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်ရန် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ တွေးခေါ်မျှော်မြင်မှုနှင့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့် မွေးမြူရေးသမားများ၏ ခံယူမှုနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲမှုပညာ (Art of Management) ကိုပါ သင်ကြားပေးသည့် ပညာရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံပညာ ရပ်များသာမက စဉ်းစားတွေးခေါ်မှု၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ပြည့်စုံသည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး သင်ယူသည့် ကျောင်းသား၊ ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) တွင် မွေးမြူရေးဘွဲ့ကိုပါ အပ်နှင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သဖြင့် ဘွဲ့ရများနှင့် ကျေးလက်နေ

စာ-၉ သို့

# ပြည်တွင်းထုတ်လုပ်မှုလုံလောက်နေသောကြောင့် မြန်မာ့ပဲတီစိမ်းနှင့်ပြောင်းတင်သွင်းမှု တိုးမြှင့်ခြင်းကို အိန္ဒိယတားဆီးနိုင်

ကမ္ဘာ၏ လူဦးရေအထူထပ်ဆုံး နိုင်ငံဖြစ်သော အိန္ဒိယသို့ များစွာသောနိုင်ငံများက ရောင်းချ လိုသည့် ပဲတီစိမ်း (Moong) နှင့် ပြောင်း (Maize) များအတွက် အိန္ဒိယ၏ သွင်းကုန်မူဝါဒကို ပြည်တွင်း၌ ထုတ်လုပ်မှုများလုံလောက်နေမှုက လွှမ်းမိုးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ဝန်ကြီးအဆင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပဲမျိုးစုံ ကုန်သွယ်ရေးနှင့် မတ်ပဲနှင့် ပဲစဉ်းငုံ ကုန်သွယ်ရေး သဘောတူစာချုပ် ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် လွန်ခဲ့သော အပတ်က အိန္ဒိယအစိုးရ အရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း CNBC-TV18 သတင်းဌာနက ဖော်ပြထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံက ၎င်း၏ပြည်တွင်း စိုက်ပျိုးရေးတိုးမြှင့်ရန် သဘောတူစာချုပ်တွင် ပဲတီစိမ်းနှင့် ပြောင်းဖူး ပါဝင်ရေးအဆိုပြုခဲ့သော်လည်း အိန္ဒိယအစိုးရက အဆိုပါသီးနှံများသည် ပြည်တွင်းထုတ်လုပ်မှု လုံလောက်မှုရှိခြင်းကြောင့် သဘောတူစာချုပ်တွင် ထည့်သွင်းရန်စိတ်ဝင်စားမှုမရှိကြောင်း အစိုးရသတင်းအရင်းအမြစ်များက ညွှန်းဆိုခဲ့သည်။

ငါးနှစ်သဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံသည် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၆ ဘဏ္ဍာနှစ် အထိ မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်း အထူးသွင်းခွင့်ပြုထား သည်။ သို့ရာတွင် အစိုးရဆိုင်ရာ အရင်းအမြစ်များအရ မြန်မာနိုင်ငံမှ တင်သွင်းသည့် မတ်ပဲနှင့် ပဲစင်းငုံပမာဏများသည် နှစ်စဉ် သဘောတူချက်ထားရှိသည့် ပမာဏထက် နှစ်စဉ်ပိုမို



နေကြောင်း၊ အိန္ဒိယ နိုင်ငံသည် ၂၀၂၁ ခုနှစ် မေလမှစတင်၍ မတ်ပဲနှင့် ပဲစင်းငုံများကို ကန့်သတ်ချက်မရှိ တင်သွင်းခွင့် ပြုခဲ့ပြီး ယခုအခါ ၎င်းမူဝါဒကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်နေ့အထိ တိုးမြှင့်ထားကြောင်း သိရှိရ သည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကြား ကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ ရှိခဲ့ပြီး အိန္ဒိယမှ မြန်မာနိုင်ငံသို့ တင်ပို့မှုသည် ဒေါ်လာ ၆၁၄ သန်းကျော်သာ ရှိသော်လည်း မြန်မာမှ တင်သွင်းမှုသည် ဒေါ်လာ ၁၅၃၃ သန်းခန့် ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ အိန္ဒိယသို့ တင်ပို့မှုသည် အိန္ဒိယမှ မြန်မာသို့ တင်ပို့မှုထက် ပိုမိုမြင့်တက်လာခြင်းမှာ အိန္ဒိယအစိုးရက မတ်ပဲနှင့် ပဲစင်းငုံတို့ကို ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်အထိ ကန့်သတ်ချက်မရှိ တင်သွင်းခွင့်ကြေညာခဲ့ပြီး နောက်ပိုင်းတွင် ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်အထိ ထပ်မံတိုးမြှင့်ခဲ့သောကြောင့် ဖြစ်ပါကြောင်း၊ စုစုပေါင်း နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂၉ ဘီလီယံမှ ၂၀၂၁-၂၂ ဘဏ္ဍာနှစ် တွင် ၁ ဒသမ ၈၉ ဘီလီယံ၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၇၆ ဘီလီယံနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၇၄ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အိန္ဒိယသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါကြောင်း၊ အိန္ဒိယသည် မြန်မာနိုင်ငံသို့ ဆေးဝါးများ၊ တိရစ္ဆာန်မှထွက်ကုန်များ၊ ကောက်ပဲသီးနှံများ၊ အစား အသောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ ဝါဂွမ်း၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် လျှပ်စစ် စက်ကိရိယာများ အဓိကတင်ပို့လျက်ရှိပြီး တစ်ဖက်တွင်မူ မြန်မာနိုင်ငံမှ အိန္ဒိယသို့ ပဲမျိုးစုံ၊ သစ်ထွက်ပစ္စည်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

မျိုးမြင့်မောင်

India resists rise in moong, maize imports from Myanmar due to ample domestic production, CNBC TV 18, 3 November, 2025.

# ၂၀၂၅ ခုနှစ်တွင် ကမ္ဘောဒီးယားမှ စိုက်ပျိုးရေးထွက်ကုန် တန်ချိန် ၆ သန်း တင်ပို့

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန (MAFF) အောက်ရှိ စိုက်ပျိုးရေး အထွေထွေ ညွှန်ကြားမှု ဗဟိုဌာန (GDA) ၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ပထမ ၁၀ လအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ဆန်မပာတ်သော စိုက်ပျိုးရေးထွက်ကုန် တန်ချိန် ၆ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃ ဘီလီယံခန့် ဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

GDA ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Sin Sophornက ဆန်မပာတ်သော သီးနှံများ တင်ပို့ မှုသည် ၂၀၂၄ ခုနှစ် ကာလတူနှိုင်းယှဉ်ပါက တန်ချိန် ၄၆၅,၀၀၀ ခန့် ပိုမိုတိုးတက်လာကြောင်း ပြော ကြားသည်။



ကမ္ဘောဒီးယားနိုင်ငံသည် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေးထုတ်ကုန်မျိုးစုံကို တင်ပို့ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ၎င်းတို့အထဲတွင် လတ်ဆတ်သော ပီလောပီနံအစို ၂ ဒသမ ၂၈ သန်း တန်၊ ပီလောပီနံအခြောက် ၁ ဒသမ ၃၈ သန်း တန်၊ သီဟိုဠ်စေ့ ၆၃၄,၀၀၀ တန်၊ လတ်ဆတ်သော သရက်သီး ၂၄၅,၀၀၀ တန်၊ ငှက်ပျောသီး ၃၀၀,၀၀၀ တန်၊ ပြောင်း ၁၇၀,၀၀၀ တန်၊ လောင်ဂန်သီး ၂၃,၇၂၇ တန်၊ အခြားသီးနှံထွက်ကုန် ၉၅ မျိုးအား စုစုပေါင်း တန်ချိန် ၇၀၀,၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံသို့ ဆန်မှလွဲ၍ အခြားသီးနှံများ တင်ပို့မှု၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၆၀ သန်းခန့် ရှိပြီး ကမ္ဘောဒီးယား၏ စိုက်ပျိုးရေးထွက်ကုန် စုစုပေါင်း တင်ပို့မှုတန်ဖိုး၏ ၆ ဒသမ ၂၂ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း သိရသည်။

Sophorn က ဆက်လက်ပြောကြားရာတွင် ၂၀၂၅ ခုနှစ်အတွင်း စုစုပေါင်း သီးနှံတင်ပို့မှုသည် ၂၈ ဒသမ ၅၇ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း သီးနှံအချို့တွင် ကျဆင်းမှုရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ လယ်သမားများစွာသည် သိုလှောင်သက်တမ်းပိုရှည်ပြီး ဈေးကွက်တန်ဖိုးပိုမိုရှိသည့် ပီလောပီနံ အခြောက်နှင့် ပီလောပီနံအမှုန့်ထုတ်လုပ်ရာသို့ ပြောင်းလဲခဲ့ကြသောကြောင့် ပီလောပီနံအစိုတင်ပို့မှု ကျဆင်းခဲ့သည်။ ၂၀၂၄ ခုနှစ် ကာလတူနှိုင်းယှဉ်ပါက ပီလောပီနံ အခြောက်တင်ပို့မှု ၆၀ ဒသမ ၉၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ပီလောပီနံအမှုန့်တင်ပို့မှု မှာ ၈၂ ဒသမ ၅၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ထိုင်းနိုင်ငံက နယ်စပ်ဖြတ်သန်းရာနေရာ အချို့ကို ပိတ်ခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခု

စာ-၇ သို့

# အိန္ဒိယတွင် ခရမ်းချဉ်သီးဈေးနှုန်းများ ၃၀ ရာခိုင်နှုန်းအထက် မြင့်တက်လျက်ရှိ

**အိ**န္ဒိယနိုင်ငံ APMC ဟင်းသီးဟင်းရွက်လက်ကားဈေးကွက်၌ ခရမ်းချဉ်သီးဈေးနှုန်း များသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာနှင့်နိုဝင်ဘာ လအစောပိုင်းတွင် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။ ဈေးကွက်သတင်းအချက်အလက်များအရ ယခင်က ခရမ်းချဉ်သီး တစ်ကီလို ဂရမ်လျှင် ရူပီး ၁၆ မှ ၂၀ ဝန်းကျင် (အမေရိကန်ဒေါ်လာ သုညဒသမ ၁၉ မှ သုညဒသမ ၂၃) ရှိပြီး ယခုအချိန်တွင် တစ်ကီလိုဂရမ်လျှင် ရူပီး ၂၀ မှ ၂၈ (အမေရိကန်ဒေါ်လာ သုညဒသမ၂၃ မှ သုညဒသမ ၃၂) အထိ ရောက်ရှိခဲ့သည်။ တနင်္လာနေ့တွင် APMC ဈေးကွက်တွင် ခရမ်းချဉ်သီး ၂,၂၃၈ quintals (1 quintal = 100 kg) သာ အဝင်ရှိပြီး ပြီးခဲ့သည့်အပတ်များထက် ကုန်အဝင်နည်းသည့်အတွက် ဈေးနှုန်းများ မြင့်တက် လာခြင်းဖြစ်သည်။

ကုန်သည်များနှင့် လေ့လာသုံးသပ်သူများအနေဖြင့် ခရမ်းချဉ်သီး အဓိကစိုက်ပျိုးထုတ်လုပ်သည့်ဒေသများတွင် ပို၍အေးသော ရာသီဥတုအခြေအနေနှင့် ပုံမှန်အထွက်နှုန်း မထွက်ရှိခြင်းကြောင့်ဟု ယူဆကြသည်။ အပူချိန် အတက်အကျများနှင့် ရိတ်သိမ်းချိန်ကာလ နှောင့်နှေးခြင်းများသည် သီးနှံအထွက်နှုန်းကို ထိခိုက်စေခဲ့သည့်အတွက် မကြာသေးမီရက်များအတွင်း ခရမ်းချဉ် အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသများဖြစ်သော Nashik ၊ Pune နှင့် Ahmednagar တို့မှ ခရမ်းချဉ်သီးကုန်အဝင်များ လျော့နည်းလျက်ရှိသည်။ ထိုသို့ အထွက်နှုန်း ကျဆင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး နှောင့်နှေးကြန့်ကြာမှုများကြောင့် ရောင်းချသူများအနေဖြင့် လက်ရှိဝယ်လိုအားကို ဖြည့်ဆည်းရန် ဈေးနှုန်းများကို မြှင့်တင်ရန် ဦးတည်ခဲ့သည့်အတွက် ခရမ်းချဉ်သီး လက်လီလက်ကားဈေးနှုန်းများ ပိုမို မြင့်တက်လာခဲ့ ခြင်းဖြစ်သည်။

စိုက်ပျိုးသူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်နေပါက ဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ပြောကြားကြသည်။ ခရမ်းချဉ် အပွင့် ပွင့်ချိန်နှင့် အဖူးဖူးချိန်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် အအေးလွန်ကဲခြင်းသည် အပွင့်များနှင့် အဖူးများကို ကြွေကျစေပြီး အထွက်နှုန်း လျော့နည်းစေပါသည်။ အပူချိန် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ပါက လာမည့်ရက်သတ္တပတ်များအတွင်း ဈေးကွက်များသို့ ခရမ်းချဉ်သီး ကုန်အဝင် ပမာဏ လျော့နည်းနိုင်သည့်အတွက် ဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်ကြောင်း တောင်သူများက သတိပေးထားသည်။

အဆိုပါ ဈေးနှုန်းမြင့်တက်မှုများသည် ခရမ်းချဉ်သီး တစ်မျိုးတည်းသာ မဟုတ်ဘဲ အထွက်နှုန်း ကျဆင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် အခြားသော ဟင်းသီးဟင်းရွက် ဈေးနှုန်းများလည်း မြင့်တက်လာလျက်ရှိပါသည်။ ရွှေပဲသီး တစ်ကီလိုဂရမ်လျှင် ရူပီး ၂၈၀ ဝန်းကျင် (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၂) ၊ ဘိုစားပဲ တစ်ကီလိုဂရမ်လျှင် ရူပီး ၂၀၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၀) နှင့် tinda (a round gourd) ၂၅၀ ဂရမ် တစ်ထုပ်လျှင် ရူပီး ၅၀ ခန့် (အမေရိကန်ဒေါ်လာ သုညဒသမ ၅၇) ရှိပါသည်။ ဤသို့ ဈေးနှုန်း မြင့်တက်လာခြင်းသည် အထွက်နှုန်း ကျဆင်းခြင်းနှင့်သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် ဖြစ်ကြောင်း သိရှိရသည်။



**နွေးနွေးအောင်**

https://www.freshplaza.com/asia/article/9784227/indian-tomato-prices-rise-over-30-on-lower-supply/

စာ-၆ မှ

နှစ် ဇွန် ၂၄ ရက်မှ အောက်တိုဘာကုန်အထိ ထိုင်းနိုင်ငံသို့ ရေကြောင်းမှတစ်ဆင့် သီးနှံထွက်ကုန်များ တန်ချိန် ၂,၃၉၈ တန်တင်ပို့ခဲ့ပြီး ၎င်း၏ တန်ဖိုးမှာ အမေရိ ကန်ဒေါ်လာ ၇ သန်းခန့် ရှိခဲ့သည်။ အောက်တိုဘာ တစ်လတည်းတွင် တန်ချိန် ၆၇၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ခန့်ရှိသော ကုန်ပစ္စည်းများ တင်ပို့ခဲ့ကြောင်း သိရသည်။ ယင်းသည် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက၂၇ ဒသမ ၅၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9784228/cambodia-exports-6-million-tons-of-produce-in-2025/




# ရုရှား-အင်ဒိုနီးရှား ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅ ဘီလီယံကျော်ရှိမည်



**ရု**ရှားနှင့် အင်ဒိုနီးရှားတို့ကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိ ကန်ဒေါ်လာ ၅ ဘီလီယံကျော် ရှိလာမည်ဟု ရုရှားနိုင်ငံမှ မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံ ဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Sergey Tolchenov က TASS သတင်း ဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ကုန်သွယ်မှုပုံသဏ္ဌာန်မှာ များစွာပြောင်းလဲခြင်းမရှိဘဲ ရုရှားနိုင်ငံ၏ အဓိကပို့ကုန်များသည် သတ္တု၊ စွမ်းအင်အရင်းအမြစ်များ၊ သစ်၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ကြောင်း၊ စားအုန်းဆီသည် အင်ဒိုနီးရှား၏ အဓိကပို့ကုန်အဖြစ် ဆက်လက်တည်ရှိနေပြီး ၎င်းသည် ရုရှားဈေးကွက်သို့ အဓိကပို့ကုန်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးသည် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတိုးချဲ့ရန် စိတ်ဝင်စားမှုရှိကြောင်း၊ အင်ဒိုနီးရှားကုမ္ပဏီအများ အပြားသည် ၎င်းတို့၏ထုတ်ကုန်များကို ရုရှားဈေးကွက်သို့ တင်ပို့ရန် ဆန္ဒရှိကြကြောင်း၊ ကော်ဖီ၊ လက်ဖက်ခြောက်၊ အပူပိုင်းဒေသ သစ်သီးဝလံများနှင့် ဟင်းခတ်အမွှေးအကြိုင်များသည် အင်ဒိုနီးရှားအတွက် ရုရှားဈေးကွက်သို့ တင်ပို့ရန် စိတ်ဝင်စားဖွယ် ကောင်းသည့် ထုတ်ကုန်များဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက ပြောကြားခဲ့သည်။

ဥရောပအာရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union - EAEU)နှင့် အင်ဒိုနီးရှားတို့အကြား လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် ( F T A ) ကို ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးရန် မျှော်လင့်ထားကြောင်း၊ ယင်းသည် နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံအထိ ရှိခဲ့သည်။ ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ရေနံနှင့် ရေနံထွက် ကုန်များ၊ သံနှင့် သံမဏိ၊ ဓာတ်မြေဩဇာ၊ ဂျုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်ပို့ပြီး အင်ဒိုနီးရှားမှ စားအုန်းဆီ၊ ရော်ဘာ၊ ကော်ဖီနှင့် စိုက်ပျိုးရေး ထွက်ကုန်များ အဓိက တင်သွင်းကြောင်း သိရသည်။

ရုရှားတွင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသည့် ကော်ဖီ၊ လက်ဖက်ခြောက်၊ အပူပိုင်းဒေသ သစ် သီးဝလံများနှင့် ဟင်းခတ်အမွှေးအကြိုင်များသည် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ တင်ပို့ရန် အလားအလာကောင်းများ ရှိကြောင်း သိရသည်။

**ခွန်မျိုးသူ**

https://tass.ru/ekonomika/25469817

# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မြေကြီးမှ ရွှေသီးစေခြင်း



**ကိုဧယျာ**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် အလွန်အရေးကြီးသော မြန်မာ့စပါးကျီဒေသဖြစ်ပါသည်။ ရေအရင်းအမြစ်အနေဖြင့်လည်း မြန်မာ့အသက်သွေးကြော မြစ်ဧရာဝတီသည် ဒေသတစ်ခုလုံးလွှမ်းခြုံနေပြီး ကွန်ယက်သဖွယ် ခွဲဖြာစီးဆင်းနေကာ ဧရာဝတီမြစ်၏ ရေချိုအရင်းအမြစ်အား အသုံးချနိုင်ရန် အကောင်းဆုံး ပထဝီဝင်အနေ အထားအား ပိုင်ဆိုင်ပါသည်။ ထိုအခွင့်အရေးအား ထိရောက်စနစ်ကျစွာ စီမံအသုံးချနိုင်ရန်အတွက် ရေချိုထိန်း ရေတံခါးနှင့် ရေချိုသွင်းမြောင်းများတည်ဆောက်ခြင်းသည် မြန်မာ့စပါးကျီဒေသမှ သီးထပ် သီးနှံများစွာ ထွက်ရှိနိုင်ရန်အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။

## စိုက်ပျိုးရေးအားသာချက်များ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဆိုသည်မှာ မြန်အောင်မြို့အထက်ဘက် ၁၅ မိုင်ခန့်အကွာ ဆိပ်သာမြို့မှ အစပြု၍ ပင်လယ်ဝအထိ ဧရာဝတီမြစ်အောက်ပိုင်းအား ခေါ်ဆိုခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၏ ရေချိုသယံဇာတလက်ဆောင်အား အထိရောက် အကျိုးရှိဆုံး ရရှိသည့်ဒေသမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖြစ်ပါသည်။ အထက်ပိုင်းနှင့် အလယ်ပိုင်းသည် မြင့်မားသော တောင်တန်းများအကြားမှ ကန့်သတ်လွင်ပြင်တွင် ကျဉ်းမြောင်းစွာ စီးဆင်းခဲ့သော ဧရာဝတီသည် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင်မူ အထူးညီညာပြန့်ပြူးသော လွင်ပြင်တစ်လျှောက် မြစ်ခွဲများအဖြစ် ခက်ဖြာစီးဆင်းသည်ဖြစ်ရာ ရေချိုအသုံးချမှုအတွက် အလွန်အကျိုးရှိမည့် အနေအထားဖြစ်ပါသည်။

မြစ်ဝှမ်းတစ်ခုလုံးမှ တိုက်စားလာသော အနည်အနှစ်များ ပို့ချရာ မြေနုလွင်ပြင် ဖြစ်သောကြောင့်လည်း မြေဆီမြေနှစ်ကောင်းမွန်၍ စိုက်ပျိုးရေး လုပ်ငန်းများ ဖြစ်ထွန်းကာ လူနေထိုင်မှု ထူထပ်များပြားသော ဒေသ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မိုးစပါး ဧက ၃၇ သိန်းကျော် စိုက်ပျိုးလျက်ရှိပြီး မြန်မာနိုင်ငံတွင် မိုးစပါးအများဆုံး စိုက်ပျိုးသောဒေသကြီး ဖြစ်ပါသည်။ သီးထပ် သီးနှံ စိုက်ပျိုးနိုင်မှုမှာ ဧရိယာ ဧက ၂၆ သိန်းခန့်ရှိပြီး ထပ်မံတိုးချဲ့ စိုက်ပျိုးနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။

## စိုက်ပျိုးရေး အခက်အခဲများ

ဧရာဝတီမြစ်ဝကျွန်းပေါ်သည် ဧရာဝတီမြစ် ရေဆင်းဧရိယာအားလုံးမှ ရေများ၏ ထွက်ပေါက်ဖြစ်ခြင်း၊ အရှေ့တောင်အာရှမြစ်ဝကျွန်းပေါ်များအနက် မိုးအများဆုံး မြစ်ဝကျွန်းပေါ် ဖြစ်ခြင်း၊ ပင်လယ်ဒီရေအတက်အကျအား တွေ့ကြုံခံစားရသော ဒေသဖြစ်ခြင်း၊ မုန်တိုင်းများ မကြာခဏ ဝင်ရောက်ရာ လမ်းကြောင်းဖြစ်ခြင်းတို့ကြောင့် စိုက်ခင်းများ ရေနစ်မြုပ်ခြင်းအား တွေ့ကြုံခံစားရလေ့ရှိပါသည်။ ထိုကဲ့သို့ မိုးရာသီတွင် ရေများ ပေါများပိုလျှံသော်လည်း နွေရာသီသို့ ရောက်သောအခါတွင် စိုက်ပျိုးရေ အခက်အခဲများနှင့် ကြုံတွေ့ရခြင်း၊ နွေသီးထပ်စိုက်ပျိုးရန် ရေချို လုံလောက်မှု မရှိခြင်းနှင့် ပင်လယ်ရေငန်ဝင်ရောက်ခြင်းကြောင့် ရေချိုရေငန်စပ်ဧရိယာများအတွင်း စိုက်ခင်းပျက်စီးခြင်းများအား နှစ်စဉ်တွေ့ကြုံခံစားရလေ့ရှိပါသည်။

## သီးထပ်စိုက်ပျိုးရေ လုံလောက်စွာ ရရှိရန် ဆောင်ရွက်နိုင်သောနည်းလမ်းများ

စိုက်ခင်းများအတွင်း သီးနှံများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရန်အတွက် အရေးကြီးဆုံး အခြေခံလိုအပ်ချက် ၄ မျိုးမှာ 'မျိုး၊မြေ၊ရေ၊နည်း' ဟု ခေါ်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊မြေဩဇာကောင်းမွန်၍ သီးနှံအထွက်တိုးရန် စနစ်တကျ ပြုပြင်ထားသော မြေယာများဖြစ်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊သီးနှံအထွက်တိုးစေမည့် စိုက်ပျိုးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးရေး တို့ ဖြစ်ပါသည်။သို့မှသာ စိုက်ပျိုးဧရိယာများတွင် မိုးသီးနှံများသာမက သီးထပ်သီးနှံများ စနစ်တကျစိုက်ပျိုးနိုင်မည်ဖြစ်ပြီး ပန်းတိုင် အထွက်နှုန်းရရှိကာ ပြည်တွင်း စားနပ် ရိက္ခာဖူလုံမှုသာမက တိုင်းပြည်အတွက် ပြည်ပဝင်ငွေများလည်း ရှာဖွေပေးနိုင်မည် ဖြစ်ပါသည်။ 'မျိုး၊မြေ၊ရေ၊နည်း' လိုအပ်ချက်များတွင် သီးနှံဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးသည် အလွန်အခြေခံကျအရေးပါသော လိုအပ်ချက်တစ်ခုဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ရေချိုရေငန်စပ်ဧရိယာများအတွင်း နွေသီးထပ် စိုက်ပျိုးနိုင်ရန်အတွက် အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများမှာ ရေငန်မဝင်ရောက်စေရေးနှင့် ရေချို လုံလောက်စွာ ရရှိရေးပင်ဖြစ်သည်။ထို့ကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနအနေဖြင့် ရေငန်တားတာနှင့် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်း၊ ရေထုတ် ရေတံခါး၊ ရေသွင်းရေတံခါးနှင့်ရေထိန်းရေတံခါးများ တပ်ဆင်ခြင်း၊ ရေချိုသွင်းမြောင်းများ တူးဖော်ခြင်း စသည်တို့အား ဆောင်ရွက်လျက် ရှိပါသည်။

၁၉၇၆-၁၉၈၅ ခုနှစ်အတွင်း စပါး(၁) စီမံကိန်း နှင့် ၁၉၈၆-၁၉၉၅ ခုနှစ်အတွင်း စပါး(၂) စီမံကိန်းများဖြင့် ဖျာပုံခရိုင်အတွင်း ရေငန်တားတာတမံ ၁၂ ခု နှင့် ရေထုတ်ရေတံခါး ၄၁ လုံးကို တည်ဆောက်ခဲ့ပြီး၊ မိုးစပါး စိုက်ပျိုးချိန် ဒီရေဝင်ရောက်နစ်မြုပ်ဖျက်စီးခြင်းမှ ကာကွယ်လျှော့ချ နိုင်ခဲ့ပါသည်။ ဖျာပုံခရိုင်အတွင်း ၁၉၉၀ ဝန်းကျင် ခုနှစ်များအထိ မိုးစပါးစိုက်ပျိုးနိုင်သော ဧရိယာမှာ ဧက ၅ သိန်း ဝန်းကျင်ခန့်သာရှိခဲ့ပါသည်။ ယခုအခါတွင် တာတမံ၊ ရေတံခါးများနှင့် ရေနုတ်မြောင်းများအား တိုးချဲ့တည်ဆောက်ခြင်း အကျိုးကျေးဇူးကြောင့် မိုးစပါးစိုက်ဧက ၈ ဒသမ ၇၀ သိန်းကျော် ရှိလာပြီဖြစ်ပြီး နွေသီးထပ်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက်လည်း ရေချိုရရှိရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

## ကြက်ဖမွေးဇောင်းကျွန်းပတ်တာ ရေချို ရရှိရေး ဆောင်ရွက်ခြင်း

ကြက်ဖမွေးဇောင်း ကျွန်းပတ်တာသည် ဖျာပုံမြို့နယ်အတွင်း တည်ရှိပြီး ရေငန်ဧရိယာ အတွင်း တည်ရှိသော ကျွန်းပတ်တာတစ်ခုဖြစ်ပါသည်။ ကြက်ဖမွေးဇောင်းကျွန်းပတ်တာ အတွင်းသို့ ရေငန်မဝင်ရောက်စေရန် အတွက် အလျားမိုင် ၄၆ မိုင်ရှိသော ကျွန်းပတ်တာကို ၁၉၇၆-၁၉၈၅ ခုနှစ် စပါး(၁) စီမံကိန်း အတွင်း တည်ဆောက်ခဲ့သည်။ တာပျမ်းမျှ အမြင့် ၅ ပေခန့် ရှိပြီး၊ သတ်မှတ်တာ အမြင့် ၈ ဒသမ ၅ ပေဖြင့် တည်ဆောက်ခဲ့ပါသည်။ ပင်လယ်ရေငန်တက်ရောက်မှုမှာ အမြင့်ဆုံး ၆ ပေအထိ ဖြစ်ရာ လုံလောက်သော တာအမြင့်ဖြင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ် ပေးလျက်ရှိသည်။ ဂုံညင်းတန်းမြစ်မှတဆင့် ကျုံကန်ချောင်း အတွင်းသို့ ရေချိုရယူနိုင်ရေးအတွက် ဆက်စပ်ချောင်းများ တူးဖေါ်လျက်ရှိပြီး ကျုံကန်ချောင်းမှတဆင့် ကျွန်းပတ်တာ အတွင်းသို့ ရေချိုသွင်းယူနိုင်စေရန်အတွက် ရေချိုသွင်းရေတံခါးများ တည်ဆောက်ခြင်း၊ ရေချိုသွင်းတူးမြောင်းများ တူးဖော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ် မှ စတင်ကာ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာ ရေချိုရရှိရေး လုပ်ငန်းများ စတင်လျာထား ဆောင်ရွက်ခဲ့ပြီး နောက် သီးထပ်စိုက်ဧရိယာများ တိုးတက်စိုက်ပျိုးလာသည်ကို တွေ့ရှိရသည်။ မူလက ပျမ်းမျှစိုက်ပျိုးမှု နွေသီးထပ်ဧရိယာ ဧက ၆၀၀၀ ဝန်းကျင်ခန့်သာရှိရာမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဧက ၉၆၀၀ ကျော်စိုက်ပျိုးနိုင်သည်အထိ အကျိုးကျေးဇူး ရရှိခဲ့ပါသည်။

## သီးထပ်ပိုမိုစိုက်ပျိုးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ

ကြက်ဖမွေးဇောင်း ကျွန်းပတ်တာရေချိုရရှိရေးလုပ်ငန်းများအား ၂၀၂၄-၂၀၂၅ ခုနှစ်တွင် သီးထပ်စိုက်ပျိုးဧရိယာ ဧက ၁၄၀၀၀ ခန့်အထိ တိုးတက်စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက် ရှိပါသည်။၂၀၂၅-၂၀၂၆ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ် ၃ နှစ်တာကာလအတွင်း လုပ်ငန်းများအားလုံး ပြီးစီးရန်လျာထားဆောင်ရွက်လျက်ရှိပါသည်။ ရေချိုမြောင်းများတူးဖော်ခြင်း၊ ရေသွင်းတံခါး ရေထုတ်တံခါးများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းစသည့်လုပ်ငန်းများပါဝင်ပြီး ယခုဆောင်ရွက် နေသော ရေချိုရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးပါက မိုးစပါးစိုက်ပျိုးဧရိယာနှင့် ထပ်တူနွေစပါး သီးထပ်ဧက ၂၉၀၀၀ ကျော် စိုက်နိုင်သည်အထိ သီးထပ် စွမ်းအားတိုးတက်စိုက်ပျိုးလာနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ပြီးစီးနိုင်စေရန် အပိုင်း ၆ ပိုင်းခွဲ၍ လျာထား ဆောင်ရွက်လျက်ရှိပါသည်။

ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာ ရေချိုရေရှိရေး လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်နည်းတူ

စာ-၄ သို့

စာ-၅ မှ

ပြည်သူများအနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းတစ်ခုတည်းသာမက စိုက်ပျိုးရာသီပြင်ပတွင် မွေးမြူရေးလုပ်ငန်းများက ဝင်ငွေကိုပါ ရရှိခြင်းအားဖြင့် မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိက ဆန်စပါး စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများလည်း အများအပြား ရှိကြောင်း၊ သို့သော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ရေကြီးကွင်း၊ ရေနက်ကွင်း များ ဧရိယာ ကျယ်ပြန့်စွာရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အပြည့်အဝအသုံးချနိုင်ခြင်းမရှိ သေးသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ဆောင်ရွက်သည့်စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင် စမ်းသပ်ဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးစသည့် ရည်မှန်းချက်များကို ပြည့်မီစေမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ဆည်းပူးသင်ယူကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အောင်မြင်တိုးတက်ဖို့ "စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး" ဆိုသည့်တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး တိုးတက်ထမ်းဆောင်သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင်များစွာကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

၎င်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက် ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပစ္စည်းအား ဂါရဝပြုပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ဆရာ၊ ဆရာမများ ခန့်အပ်ဆောင်ရွက်လျက်ရှိမှု၊ သင်ကြားရေးဌာနများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိမှု၊ နှစ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားနိုင်ရေး လျာထားဆောင်လျက်ရှိမှု၊ တက္ကသိုလ်အတွက် လိုအပ်သည့် အဆောက်အဦများ ထပ်မံဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (မအူပင်) ၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှုနှင့် ပညာသင်နှစ်အလိုက် တက္ကသိုလ် ဝင်တန်းအောင်မြင်မှု၊ ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရနည်းပညာအထက်တန်းကျောင်း (မအူပင်) ဆိုင်ရာ အချက်အလက်များ၊ အလုပ်ရုံနှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများ တည်ဆောက်ထားရှိမှု၊ သင်ကြားရေး ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာ သင်ကြားလျက်ရှိမှု၊ အထူးပြုပညာရပ်များအလိုက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသလိုအပ်ချက်အရ ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှာ ယခင်ကတစ်ခုတည်းသာရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်လှစ်နိုင်ရေး မိမိအနေဖြင့် ၂၀၂၁ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များသို့ တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်စီးပွားရေး အဓိကထားဆောင်ရွက်ခြင်း ဖြစ်သဖြင့် မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းထက် နည်းစနစ် ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များကို မွေးထုတ် ပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး Agro Base Industries ကိုဆောင်ရွက်နိုင်ရေး ရည်ရွယ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မား စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးက ပိုင်းဝန်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အခြေခံ ပညာကျောင်းများ၌လည်း တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးကိုလည်း ဝိုင်းဝန်း ဆောင်ရွက်ကြစေ



စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)

လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသည့် နိုင်ငံတော်မှ ချမှတ်ထားသည့်အတိုင်း ပညာရေး ဖွံ့ဖြိုးတိုးတက်စေရေး အားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

ရေရှည်အတွက် ကြိုတင်မျှော်တွေး၍ တက္ကသိုလ်များတည်ဆောက်ရာတွင် Master Plan ချမှတ်ကာ စနစ်တကျ ရေးဆွဲတည်ဆောက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝန်းများအတွင်း အရိပ်ရလေကာပင်များနှင့် တက္ကသိုလ်ကို ကိုယ်စားပြုသော အပင်များကို စိုက်ပျိုးသွားရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးပြီး အရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေး ပညာရှင် များဖြစ်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်)၏ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၊ နယ်စပ် ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း (မအူပင်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (မအူပင်) နှင့် ပိုလီတက္ကနစ်နည်းပညာတက္ကသိုလ် (မအူပင်) တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃၅)

## စိုက်ပျိုးရေးတက္ကသိုလ်အသစ်တည်ထောင်ခြင်းနှင့်ရှိပြီးသားတက္ကသိုလ်များတွင်စိုက်ပျိုးရေးမဟာဌာနတည်ထောင်ခြင်းနှိုင်းယှဉ်ချက်

(ယခင်အပတ်မှအဆက်)

## Comparative Analysis: Establishing a New Agricultural University Versus a Faculty of Agriculture Within an Existing University

ဒေါက်တာလှမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် များနှင့်စိုက်ပျိုးမွေးမြူရေး မဟာဌာနများ/စိုက်ပျိုးမွေးမြူရေး ကောလိပ်များ ကောင်းကျိုး၊ ဆိုးပြစ်နှိုင်းယှဉ်မှုများကို ဆွေးနွေးပါမည်။

စိုက်ပျိုးမွေးမြူရေးဆိုင်ရာအဆင့်မြင့်ပညာသင်တက္ကသိုလ်/ကောလိပ်အသစ်တစ်ခု ကိုတည်ထောင်ရန်အတွက် အဓိကပုံစံနှစ်မျိုးကို နှိုင်းယှဉ်သုံးသပ်ဆွေးနွေးပါမည်။ သီးသန့် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တစ်ခု ဖန်တီးခြင်းနှင့် ရှိပြီးသားပြည့်စုံသော တက္ကသိုလ်တစ်ခုအတွင်း စိုက်ပျိုးမွေးမြူရေး မဟာဌာန သို့မဟုတ် ကောလိပ်အသစ် တစ်ခုကို ပေါင်းစည်းခြင်းတို့ ဖြစ်ပါသည်။ ပညာရေး၊ ငွေကြေးနှင့် မဟာဗျူဟာမြောက် ထည့်သွင်းစဉ်းစားချက်များပေါ် အခြေခံ၍ သုံးသပ်ချက်အရ သီးသန့်တည်ထောင်သော ပုံစံသည် တစ်ခုတည်းသော အာရုံစိုက်မှုနှင့် သီအိုရီအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပေးစွမ်း နိုင်သော်လည်း ယင်းသည် ဘာသာစုံသင်ကြားမှု အခက်အခဲရှိနိုင်ခြင်း၊ ငွေကြေး အရ အကုန်အကျများ ခြင်းနှင့် ပညာရေးအရ အထီးကျန်နိုင်သော လုပ်ဆောင်ချက်တစ်ခု (Leading to stand-alone university) ဖြစ်နိုင်ပါသည်။

သီးသန့်တက္ကသိုလ် (Stand-alone university) ၏အဓိပ္ပာယ်မှာ ဘာသာရပ်/ဘာသာ စိတ်တစ်ခုကို တက္ကသိုလ်ကြီးများနှင့်တွဲဖက် သင်ကြားသုတေသနပြုခြင်း မဟုတ်ဘဲ ဘာသာရပ်ဆိုင်ရာသီးခြားတက္ကသိုလ် တည်ထောင်ခြင်းစနစ်ဖြစ်ပါသည်။ (Refers to an institution that is not affiliated with a larger university system and can award its own degrees. It is also known as an "Independent Institution" and may not be part of a university or college affiliation)

၁၉၆၄-ခုနှစ် မတိုင်မီက အရှေ့တောင်အာရှတွင် နာမည်ကြီးနေသော ရန်ကုန်တက္ကသိုလ် ကြီး၏မဟာဌာနများ (Faculty Systems in Comprhensive University) ကို သီးခြား ခွဲထွက်စေလျက် ဆေးတက္ကသိုလ်-၁ (ယခင် - Institute of Medicine-1/ ယခု University of Medicine-1) စီးပွားရေးတက္ကသိုလ်(Institute of Economics) စိုက်ပျိုးရေးတက္ကသိုလ် (ယခင် Institute of Agriculture ယခု Yezin Agricultural University) စသည်ဖြင့် ခွဲထုတ်လိုက်သဖြင့် ကျောင်းသားဦးရေ ၂၀၀၀-၂၅၀၀ လောက်ပဲရှိသော တက္ကသိုလ် ကျောင်းသေးသေးလေးတွေဖြစ်ကုန်ပါသည်။

ဘာသာရပ်စုံသင်တက္ကသိုလ်ကြီး (Comprehensive University – Multi-Disciplinary Approach) ဆိုသည်မှာ ပေါင်းစည်းထားသည့် မဟာဌာနများ (အမေရိက တွင်-ကောလိပ်- College of Agriculture ဟူ၍ခေါ်ပါသည်) ပုံစံသည် ရှိပြီး သား အခြေခံ အဆောက်အအုံများကို အသုံးချ ခြင်း၊ အရေးကြီးသော ကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်မှုကို ဦးတည် မြှင့်တင်ခြင်းနှင့် သိသိသာသာ ကြီးမားသော ငွေကြေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ ဝန်ထုပ် ဝန်ပိုးများကို လျှော့ချပေးနိုင်ပါသည်။ ဥပမာ - အမေရိကန်ပြည်ထောင်စု၏ မြေယာထောက်ပံ့ကြေးယူ တက္ကသိုလ်စနစ် (Land-Grant University Systems)

ယင်းသုံးသပ်ချက်အရ ပေါင်းစည်းထားသည့်ပုံစံသည် နေရာသစ်အများစုအတွက် ပိုမို ကောင်းမွန်သော မဟာဗျူဟာမြောက် ရွေးချယ်မှုဖြစ်ကြောင်း ဖော်ပြပါသည်။ ဤစနစ် သည် အနာဂတ်အတွက် အသင့်ရှိသော စိုက်ပျိုးမွေးမြူရေးပညာရှင်အင်အားကို ဖြည့် တင်းပေးရန်နှင့် ၂၁ ရာစု၏ လိုအပ်သော ပညာရပ်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ် ဖြေရှင်းရန်အတွက် ပညာရေးအရ ခိုင်ခံ့သည့် မူဘောင်ကို ပေးစွမ်းနိုင်ပါသည်။ နောက်ဆုံးအကြံပြုချက်မှာ သီးသန့်တည်ထောင်ထားသောအဆင့်မြင့်ပညာသင် ကျောင်း များ၏ အထူးပြုပြီး ရင်းနှီးမြုပ်နှံမှု အများအပြားလိုအပ်သော သဘောသဘာဝကို ထောက်ပံ့ပေးနိုင်သည့် ထူးခြားသော အခြေအနေများ၊ အထူးသဖြင့် ကြီးမားပြီး ရည်ရွယ်ထားသော ရန်ပုံငွေများစွာ မရှိပါက ပေါင်းစည်းထားသည့် ဌာနပုံစံကို လက်ခံကျင့်သုံးရန် ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးမွေးမြူရေးကဏ္ဍသည် ရာသီဥတုပြောင်းလဲမှု၊ သယံဇာတ ရှားပါးမှုနှင့် တိုးပွားလာသော လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံရေးကို အာမခံနိုင်ရန် လိုအပ်ချက်ကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော အရေးပါသည့် အခြေအနေ ဖြစ်ပါသည်။ ဤလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ဤနယ်ပယ်များသည် ဇီဝနည်းပညာ (Bio-technology)၊ အချက်အလက်သုံးသပ်ချက်/စစ်ဆေးချက် (Data Analysis) နှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များ (Sustainable Practices) ကဲ့သို့သော နယ်ပယ် များတွင် အဆင့်မြင့်ကျွမ်းကျင်မှုများဖြင့် ပြည့်စုံသော ခေါင်းဆောင်များ/မူဝါဒချမှတ်သူ များနှင့် ပညာရှင်မျိုးဆက်သစ်များ လိုအပ်ပါသည်။ သမိုင်းကြောင်း အရ စိုက်ပျိုးမွေးမြူ ပညာရေးသည် အခြေခံကျသော၊ လက်တွေ့လေ့ကျင့်မှုမှသည် နိုင်ငံအားလုံး၏ အစား အစာ၊ လောင်စာဆီနှင့် အမျှင်ဓာတ်/အဝတ်အထည် (Fibre) ဖူလုံရေးအတွက် မရှိမဖြစ် လိုအပ်သော ဘက်စုံပါဝင်သည့် ဘာသာရပ်တစ်ခုအဖြစ်သို့ ပြောင်းလဲတိုးတက်လာခဲ့ပါသည်။

ဤဆောင်းပါးသည် စိုက်ပျိုးမွေးမြူရေးတွင် အဆင့်မြင့်ပညာရေး ပေးရန်အတွက် ထူးခြားသော စီမံခန့်ခွဲမှုပုံစံနှစ်မျိုးကို နှိုင်းယှဉ်သုံးသပ်ထားပါသည်။

ပထမပုံစံမှာ သီးသန့်၊ လွတ်လပ်သော တက္ကသိုလ်/အဖွဲ့အစည်း အသစ်တစ်ခု (State Agricultural University - SAU) တည်ထောင်ခြင်းဖြစ်သည်။ နမူနာ - အိန္ဒိယနိုင်ငံ

ဒုတိယပုံစံမှာ ရှိပြီးသား ပြည့်စုံသော တက္ကသိုလ်တစ်ခု၏ မူဘောင်အတွင်း စိုက်ပျိုးမွေးမြူ ရေးဆိုင်ရာ သိပ္ပံဘာသာရပ်များအတွက် ရည်ရွယ်ထားသော မဟာဌာန (သို့မဟုတ်) ကောလိပ် အသစ်တစ်ခု (Faculty of Agriculture/College of Agriculture) ကို တည်ထောင်ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ နေရာအသစ်တစ်ခုအတွက် အထိရောက် ဆုံးနှင့် ရေရှည်တည်တံ့သော လမ်းကြောင်းကို ဆုံးဖြတ်နိုင်ရန်အတွက် ဤပုံစံနှစ်မျိုးကို ပြည့်စုံစွာနှင့် သတင်းအချက်အလက် (data) အခြေခံ၍ နှိုင်းယှဉ်ကြည့်ရန် ဖြစ်ပါသည်။

နမူနာ - စိုက်ပျိုးမွေးမြူရေးမဟာဌာနပုံစံ - ဩစတေးလျ၊ ဂျပန်၊ ထိုင်းနိုင်ငံများ။ စိုက်ပျိုး မွေးမြူရေးကောလိပ်ပုံစံ - အမေရိကန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံများ

### စိုက်ပျိုးမွေးမြူရေးဆိုင်ရာအဆင့်မြင့်ပညာရေး၏ အခြေခံပုံစံများ

#### (က) သီးသန့်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ပုံစံ

သီးသန့်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ဆိုသည်မှာ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သိပ္ပံဘာသာရပ်များနှင့် ဆက်စပ်နယ်ပယ်များပေါ်တွင်သာ သီးသန့်အာရုံစိုက်ထားသည့် တက္ကသိုလ်တစ်ခုပုံစံ ဖြစ်ပါသည်။ ဤ တက္ကသိုလ်များကို အခြားပညာရေး ဘာသာရပ်များနှင့် ရောနှောမထားဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကို တိုက်ရိုက်အကျိုးပြုရန် ရည်ရွယ်၍ တည်ထောင် ထားပါသည်။ သင်ရိုးညွှန်းတမ်းများသည် အခြေခံကျသော၊ အစောပိုင်း အဆင့် အစီအစဉ်များနှင့် ပိုမိုအဆင့်မြင့်သော ဘွဲ့ဒီဂရီများ နှစ်ခုလုံးကို ပေးစွမ်းနိုင်ပြီး အထူးပြု သင်ကြား လေ့ရှိပါသည်။ သုတေသနခြံများနှင့် ဓာတ်ခွဲခန်းများ အပါအဝင် အဆောက် အဦ၊ ဓာတ်ခွဲခန်း စသည့် အခြေခံအဆောက်အအုံများသည် စိုက်ပျိုး၊ မွေးမြူ ပညာရပ်/ အဖွဲ့အစည်းများ၏ အဓိကရည်ရွယ်ချက်အတွက်သာ သီးသန့် ရည်စူး ဆောက်လုပ်ထား သောစနစ်ဖြစ်ပါသည် ။

#### (က-၁) အားသာချက်များ

ဤပုံစံ/စနစ် (This Model) ၏ အဓိကအားသာချက်မှာ ဘာသာရပ်တစ်ခုတည်း အာရုံ စူးစိုက်မှုရှိသော အမှတ်အသားဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် အသစ်တစ်ခုသည် ကြီးမားသော မိခင်တက္ကသိုလ် အဟောင်း/အဖွဲ့အစည်း၏ လွှမ်းမိုးမှုမရှိဘဲ ခိုင်မာပြီး စည်းလုံးသော ယဉ်ကျေးမှုနှင့် ၎င်း၏ ရည်ရွယ်ချက်အပေါ် နက်ရှိုင်းသော ကတိကဝတ်၊ ဆောင်ရွက်ချက်ကို ထူထောင်နိုင်ပါသည်။ ဤတစ်ခု တည်း သော အာရုံစိုက်မှုသည် တက္ကသိုလ်အား ၎င်း၏ သင်ရိုးညွှန်းတမ်းနှင့် သုတေသန ဦးစား ပေးမှုများကို ဒေသတွင်း စက်မှု၊ စိုက်ပျိုးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအတွက် ဒီဇိုင်း ဆွဲရန်နှင့် လျင်မြန်စွာ အဆင့်မြှင့်တင်ရန် ခွင့်ပြုသောကြောင့် မြင့်မားသော ပညာရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ၎င်း၏

စာ-၁၁ သို့

စာ-၁၀ မှ

ကိုယ်ပိုင် လွတ်လပ်ခွင့်ကို ထိန်းချုပ်နိုင်သည့် ဤစနစ် အရ ခိုင်မာသော လူမှု အသိုက်အဝန်း ဆက်စပ်မှုများနှင့် အဖွဲ့ အစည်းဆိုင်ရာ ဂုဏ်သိက္ခာ ကိုလည်း မြှင့်တင်ပေးနိုင်သည် ။ ထို့အပြင်၊ ဓာတ်ခွဲခန်းများမှ စိုက်ပျိုးရေးခြံများအထိ အခြေခံအဆောက်အအုံများနှင့် အရင်းအမြစ်အားလုံးသည် စိုက်ပျိုး မွေးမြူ ရေး ပညာရပ် များအတွက် သီးသန့်ရည်စူး ထားပါသည်၊ ၎င်းသည် ဉာဏ်ရည်တု (AI) နှင့် အချက်အ လက်များ (Big Data) သုံးသပ်ချက်များကဲ့သို့သော ခေတ်ပေါ်နယ်ပယ်များတွင် ခေတ်မီ ဆန်းသစ်သော သုတေသနလုပ်ငန်းများကို ဖော်ဆောင်ရာတွင် အထောက်အကူ ဖြစ်စေ ပါသည် ။

## (က-၂) အားနည်းချက်များ

အားသာချက်များရှိသော်လည်း ဤပုံစံသည် သိသာထင်ရှားသည့် အားနည်းချက်များ၊ အထူးသဖြင့် ၎င်း၏ ကြီးမားသော ငွေကြေး ကုန်ကျမှု ဝန်ထုပ်ဝန်ပိုးကို ရင်ဆိုင်ရနိုင် ပါသည်။ တက္ကသိုလ်အသစ်တစ်ခု တည်ထောင်ခြင်း၏ ကုန်ကျစရိတ်သည် ကြီးမားပြီး၊ ကနဦး တည်ထောင်မှုအတွက် ငွေကြေး တန်ဖိုးကျပ်ရာပေါင်းများစွာမှ သန်းပေါင်း များ စွာအထိ ကုန်ကျနိုင်ပြီး၊ ထို့နောက် စာသင်ခန်းများနှင့် ဓာတ်ခွဲခန်းများကဲ့သို့ အခြေခံအဆောက်အအုံများတွင် ကျပ်ငွေသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။ အဖွဲ့အစည်းအသစ်တစ်ခုသည် ကျောင်းအပ်နှံမှု လျော့ကျခြင်းနှင့် ပြင်းထန်သော ပြိုင် ဆိုင်မှုတို့ကြောင့် "အခြေအနေ ဆိုးရွားလာခြင်း" ကို ရင်ဆိုင်နေရသော အဆင့်မြင့် ပညာ ရေး နယ်ပယ်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ငွေကြေးတည်တံ့ခိုင်မာမှုမှာ အဓိကစိန်ခေါ်မှု တစ်ခု ဖြစ်ပါသည်။ ကနဦး ရင်းနှီးမြှုပ်နှံမှုအပြင်၊ သီးသန့်အဖွဲ့အစည်းများသည် လည်ပတ် မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အထွေထွေကုန်ကျစရိတ်များ၏ ဝန်ထုပ်ဝန်ပိုးအပြည့်အစုံကို ရင်ဆိုင်ရသည်။ သုတေသနအသားပေးတက္ကသိုလ်များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများ ကို ထောက်ပံ့ရန်အတွက် ကြီးမားသော အခြေခံ အဆောက်အအုံနှင့် အုပ်ချုပ်ရေး (F&A – Facilities and Administrative) ကုန်ကျစရိတ်များကို ကျခံရနိုင်ပါသည်။ ၎င်းသည် အစိုး ရထောက်ပံ့ကြေးများမှ အပြည့်အဝပြန်လည်ရရှိရန် ခက်ခဲနိုင်သော ဝန်ထုပ်ဝန်ပိုးဖြစ် သည်။ ဤငွေကြေးဖိအားသည် အစိုးရရန်ပုံငွေအပေါ် မှီခိုမှုကြောင့် ပိုမိုဆိုးရွားနိုင်ပြီး၊ ရန်ပုံငွေအများစုကို လစာများအတွက် ဦးစားပေးခွဲဝေပေးခြင်းကြောင့် သင်ရိုးညွှန်း တမ်းများနှင့် အခြေခံအဆောက်အအုံများကို မရှိမဖြစ်လိုအပ်သော ခေတ်မီအောင် လုပ်ဆောင်ရန် ရန်ပုံငွေ အကန့်အသတ်ဖြစ်စေသည် ။ မူလအစမှ အသစ်တည်ထောင်ထားခြင်းဆောင်ရွက်သော တက္ကသိုလ်တစ်ခုသည် ပညာရေးနှင့် ပညာရှင်ဆိုင်ရာ အထီးကျန်မှု (Isolation) အန္တရာယ်ကိုလည်း ရင်ဆိုင်ရနိုင်ပါသည်။သီးသန့်အာရုံစိုက်မှုသည် ခေတ်သစ်စိုက်ပျိုး မွေးမြူရေး၏ရှုပ်ထွေးသော စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် လိုအပ်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို အဟန့်အတား ဖြစ်စေသော "သီးခြားခွဲထားခြင်း (Standalone Institutions)" သို့ ဦးတည်နိုင်ပါသည် ။ ဤကွဲပြားမှုသည် အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ စက်မှုလုပ်ငန်း မိတ်ဖက် များ၊ အစိုးရအေဂျင်စီများ၊ ပုဂ္ဂလိကလုပ်ငန်းများအကြားတွင် အဆက်အသွယ် ပြတ်တောက်စေနိုင်ပြီး ဘက်စုံပညာရပ်များပါဝင်သည့် ကျွမ်းကျင် စိုက်ပျိုး မွေးမြူရေး ပညာရှင်အင်အား အတွက် ကျောင်းသား/သူများကို လေ့ကျင့်ပေးနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည် ။

## (ခ)ရှိပြီးသားတက္ကသိုလ်တစ်ခုတွင် စိုက်ပျိုးမွေးမြူရေးမဟာဌာနကောလိပ် ပုံစံတိုးချဲ့ခြင်း

ဤပုံစံသည် စိုက်ပျိုးရေး မဟာဌာန သို့မဟုတ် ကောလိပ်အသစ်တစ်ခုကို ရှိပြီး သား ဥပမာ - မြန်မာနိုင်ငံဆိုလျှင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ နာမည်ရ၊ ပြည့်စုံသော တက္ကသိုလ်တစ်ခု၏ ပညာရေး နှင့်အုပ်ချုပ်ရေးဆိုင်ရာ မူဘောင်အတွင်းသို့ ပေါင်းစည်း ပေးခြင်းဖြစ်ပါသည်။ ဤစနစ်သည် သမိုင်းကြောင်းအရ ဥပမာ - အမေရိကန် မြေငှားတက္ကသိုလ်စနစ် (U.S. Land-grant System) တွင် အခြေခံထားပြီး၊ သင်ကြား ခြင်း၊ သုတေသနနှင့် တောင်သူ/လူမှုအကျိုးပြုလုပ်ငန်းဟူသည့် ရည်မှန်းချက် သုံးရပ် (Teaching, Research and Extension) ပေါ်တွင် လည်ပတ်နေပါသည်။ ဥပမာ - အမေ ရိကန် တက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဌာန/ယူနစ်အသစ်ကို စိုက်ပျိုး မွေးမြူရေး သိပ္ပံနှင့်သဘာဝအရင်းအမြစ်ကောလိပ် (College of Agricultural Sciences and Natural Resources - CASNR) ဟု မကြာခဏ ခေါ်ဝေါ်လေ့ရှိပြီး၊ မိခင် တက္ကသိုလ် အဖွဲ့အစည်း၏ ရှိပြီးသား နာမည်ဂုဏ်သတင်း၊ အခြေခံအဆောက်အဦနှင့် အဆင့်မြင့် ပညာရေး ကွန်ရက်တို့မှ အကျိုးအမြတ် များစွာရရှိနိုင်ပါသည်။

## (ခ-၁) အားသာချက်များ

ဤပုံစံ၏ အရေးအကြီးဆုံး အားသာချက်မှာ ၎င်းပေးစွမ်းနိုင်သော ကြီးမားသည့် ငွေကြေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ထိရောက်မှုပင် ဖြစ်သည်။ မိခင်တက္ကသိုလ်၏ ရှိပြီးသား အခြေခံ အဆောက်အအုံများဖြစ်သော အုပ်ချုပ်ရေး၊ စာကြည့်တိုက်များ(Libraries)၊ သတင်းအချက်အလက်နည်းပညာ/အိုင်တီ (ICT Services) နှင့် ကျောင်းသား ဝန်ဆောင်မှုများ (Student services) ကို အသုံးချခြင်းဖြင့် ဌာနအသစ်သည် အစကနေ ကျောင်းဝင်း အ သစ် (New campus) တစ်ခု တည်ဆောက်ခြင်းနှင့် ဆက်စပ်နေသော ကြီးမားသည့် ရင်းနှီး မြှုပ်နှံမှုနှင့် လည်ပတ်မှုကုန်ကျစရိတ်များကို ရှောင်ရှားနိုင်သည်။ ၎င်းသည် ကနဦး တည်ထောင်မှုကုန်ကျစရိတ်များကို သိသိသာသာ လျှော့ချပေးပြီး အုပ်ချုပ်ရေးဆိုင်ရာ အထွေထွေဝန်ထုပ်ဝန်ပိုးကို အဖွဲ့အစည်းတစ်ခုလုံးသို့ ခွဲဝေပေးသည်။ ၎င်းသည် လုပ်ငန်းသစ်ကို ပိုမိုငွေကြေးခိုင်မာစေပြီး ရေရှည်တည်တံ့စေသည် ။

ထို့အပြင်ဤပုံစံသည်ကဏ္ဍ/ပညာရပ်ပေါင်းစုံ (Multidisciplinary/ Comprehensive Approach) ပူးပေါင်းဆောင်ရွက်ရန်အတွက် နှိုင်းယှဉ်၍မရသော အခွင့်အလမ်းများကို ပေးနိုင်ပါသည်။ စိုက်ပျိုးမွေးမြူရေးဌာနအသစ်သည် ပတ်ဝန်းကျင်၊ ပညာရေး၊ စီးပွားရေး၊ ဆက်သွယ်ရေး၊ ဇီဝဓာတုဗေဒနှင့် အင်ဂျင်နီယာဌာနများကဲ့သို့သော အခြားဌာနများနှင့် ချောမွေ့စွာ အပြန်အလှန်ဆက်သွယ်နိုင်သည့် ကြွယ်ဝသောပညာရေးစနစ်ထဲသို့ ချက်ချင်း ဝင်ရောက်ပေါင်းစည်းသွားသည်။ ရာသီဥတုပြောင်းလဲမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ကဲ့သို့သော ခေတ်သစ်စိုက်ပျိုးမွေးမြူရေးပြဿနာများသည် ရှုပ်ထွေးပြီး ဘက်စုံချဉ်းကပ်မှု လိုအပ်သည်။ ဤပုံစံသည် ပညာရပ်/ဘာသာရပ်ပေါင်းစုံ အယူအဆများ အပြန်အလှန် ဖလှယ်ရန်နှင့် ပူးပေါင်း၍ ကဏ္ဍစုံသုတေသနလုပ်ငန်းများအတွက် အကောင်းဆုံးပတ်ဝန်းကျင်ကို ပေးစွမ်းနိုင်ပါသည် ။

ကျောင်းသား/သူများအတွက်လည်း အလားတူ အရေးပါသော အကျိုးကျေးဇူးများ ရှိ ပါသည်။ ၎င်းတို့သည် သီးသန့် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတွင် ပုံမှန်အားဖြင့် မရရှိ နိုင်သော ရူပဗေဒ၊ သင်္ချာ အခြေခံမိုးလေဝသပညာ (Meteorology) နှင့် ရှုခင်းဗိသုကာ ပညာ (Landscape Architecture) ကဲ့သို့သော ပိုမို ကျယ်ပြန့်သည့် ပညာရေးဆိုင်ရာ အဓိကဘာသာများ (Majors)၊ သာမန်ဘာသာများ (Minors) နှင့် ရွေးချယ်နိုင်သော (Elective) ဘာသာရပ်များကို ရရှိနိုင်သည် ။ ဤသည်မှာ ပိုမိုပြည့်စုံပြီး ပြောင်းလွယ် ပြင်လွယ်ရှိသော ပညာရေး အတွေ့ အကြုံကို ပေးနိုင်ပါသည်။ ဆရာ/ဆရာမများလည်း ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် အလုပ် အာမခံချက်တို့ကို ပေးစွမ်းနိုင်သော အဖွဲ့ အစည်း၏ အုပ်ချုပ်ရေးဆိုင်ရာ အကာအကွယ် များနှင့် ရာထူး တိုးမြှင့်မှုများမှ အကျိုးအမြတ် ရရှိနိုင်သည်၊ ၎င်းသည် ငွေကြေးအကြပ်အတည်း ကြုံနေသော သီးသန့်အဖွဲ့ အစည်းအသစ်တစ်ခုအနေဖြင့် ပေးစွမ်းနိုင်စွမ်း မရှိနိုင်သော အရာများ ဖြစ်သည် ။

## (ခ-၂) အားနည်းချက်များ

ဌာနအသစ်တစ်ခုအတွက်အဓိကစိန်ခေါ်မှုမှာအဖွဲ့အစည်းဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အကန့်အသတ်ဖြစ်သွားနိုင်ခြင်းပင် ဖြစ်သည်။ ဆရာ/ဆရာမများသည် ၎င်းတို့၏ ဘာသာ ရပ်များနှင့် သုတေသနအပေါ် ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ထိန်းသိမ်းထား သော်လည်း စိုက်ပျိုးမွေးမြူရေး မဟာဌာနသည် ဘတ်ဂျက်ခွဲဝေမှု၊ ဝန်ထမ်းခန့်အပ်မှုနှင့် ပရိုဂရမ်/ဘာသာရပ်အသစ် အတည်ပြုမှုကဲ့သို့သော အဓိကအဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ် ချက်များကို ထိန်းချုပ်နိုင်စွမ်းမရှိနိုင်ပေ။ ၎င်းသည် သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်မှု များကို နှောင့်နှေးစေပြီး ကျောင်းသားများအတွက် အတားအဆီးများ ဖြစ်ပေါ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာ ပွတ်တိုက်မှု/မကျေလည်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ဥပမာ - မြန်မာ နိုင်ငံအတွက် ဆိုလျှင် ဝန်ကြီးဌာနခြင်းမတူညီ၍ အခက်အခဲရှိနိုင်ပါသည်။

ပေါင်းစည်းထားသည့်ပုံစံသည် ဌာနအသစ်ကို ရန်ပုံငွေနှင့် အသိအမှတ်ပြုမှုအတွက် အခြား ကောလိပ်များနှင့် ဌာနများနှင့် ယှဉ်ပြိုင်ရန် လိုအပ်လာပါသည်။ အဆင့်မြင့် ပညာရေး အပေါ် ငွေကြေးဖိအားများ တိုးလာနေချိန်တွင် ဤပြိုင်ဆိုင်မှုသည် ပြင်းထန် နိုင်ပြီး လူသား အရင်းအမြစ်များ ဆုံးရှုံးခြင်း သို့မဟုတ် အထူးပြုဘာသာရပ်များ လျှော့ချ ခြင်းသို့ ဦးတည်သွားနိုင်ပါသည်။နောက်ဆုံးတွင် ဤစနစ်၏ ထူးခြားသော စိုက်ပျိုးမွေးမြူ ရေး ရည်ရွယ်ချက်များသည် ပိုမိုကျယ်ပြန့်သော အဖွဲ့အစည်းဆိုင်ရာ ဦးစားပေး များကြောင့် လျော့ပါးသွားနိုင်သည်။ ၎င်းသည်တစ်ခုတည်းသော အမှတ်အသားနှင့် ၎င်းအကျိုး ပြုနေသော စိုက်ပျိုးမွေးမြူရေး အသိုက်အဝန်းနှင့် တိုက်ရိုက်ဆက်သွယ်မှုကို ရရှိနိုင်ရန် ပိုမို ခက်ခဲစေနိုင်ပါသည်။ စာရေးသူ တို့ ဆရာငယ်ဘဝက စိုက်ပျိုးရေးတက္ကသိုလ်သည် ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင် ရှိနေရာ ဘာသာရပ်အသစ်၊ ဖွဲ့စည်းပုံပြောင်းလဲမှု ဝေးစွ ညွှန်ကြားရေးမှူးချုပ်ကိုတောင် တွေ့ရ၊ တင်ပြရဖို့ မလွယ်ကူလှပါ၊

စာ- ၁၅ သို့




၂၅-၁၁-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၈၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၈၀၀၀၀ ကျပ်နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရ သည်။ ယခင်အပတ်ဈေးနှုန်းများဖြင့် နှိုင်းယှဉ်ပါက ဆန်တစ်အိတ်လျှင်(၁၀၀၀၀)ကျပ်နှုန်း ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ အရောင်းအဝယ်အေးသော်လည်း ဆန်ဟောင်းလက်ကျန်အလွန် နည်းလာချိန်ဖြစ်ခြင်းကြောင့် ယခင်အပတ်ထက် သိသာစွာ ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ကျန် ဆန်အမျိုးအစားများမှာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၁၂၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန် အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ် လျှင်၅၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၄၈၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၄၇၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန်အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၂၀၀၀ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၅၀၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း အသီးသီးရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ အိမ်နီးချင်းနိုင်ငံများ၏ ပြည်ပပို့ဆန်ဈေးနှုန်းများ ကျဆင်းနေမြဲဖြစ်ခြင်း၊ ပြည်တွင်း/ပြည်ပမှ ဝယ်လိုအားပုံမှန်ရှိခြင်း၊ ဆန်ဈေးနှုန်းများတည်ငြိမ်မှန်ကန်စေရေးအလို့ငှာ စားသုံးသူများထံသို့ သင့်တင့်မျှတသော ဆန်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ မဒါဂတ်စကာ၊ တရုတ်၊ မိုဇမ်ဘစ်၊ ပိုလန်၊ စပိန်၊ ဗီယက်နမ်၊ ချက်ရီပတ်ဘလစ်၊ ဘယ်လဂျီယမ်၊ တီမောလက်စတီ၊ မလေးရှား၊ လစ်သူရေးနီး ယား၊ တူရကီ၊ စလိုဗေးနီးယား၊ နယ်သာလန်၊ ယူကေနိုင်ငံများသို့ ဆန်တင်ပို့မှုရှိခဲ့ ကြောင်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုရှိခဲ့ ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းဈေးနှုန်းများကျဆင်းနေခဲ့ရာမှ ရက်သတ္တပတ် ၂ ပတ်ဆက်တိုက်အနည်းငယ်စီ ဈေးမြင့်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ပြည်တွင်း မွေးမြူ ရေးအစားအစာနှင့် အရက်ချက်စက်ရုံများ၏ ဝယ်လိုအားရှိလာခြင်းကြောင့် အစေ့ထုတ် ပြောင်းဈေးနှုန်းများ ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင် အပတ် ပျမ်းမျှဈေးနှုန်းမှာ ၇၆၁၄၀ ကျပ်ဖြစ်ပြီး ယခုအပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၇၇၂၂၀ ကျပ်သို့ ရောက်ရှိဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလဒုတိယရက်သတ္တပတ်၏ ဈေးနှုန်းဖြစ်သော ၇၄၅၂၀ ကျပ်မှ ၂ ပတ်ဆက်တိုက် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ လာမည့် ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ကြက်မွေးမြူရေးလုပ်ငန်းများတိုးတက်လာခြင်း၊ ဝက်မွေးမြူရေးလုပ်ငန်းများ နာလန်ထူလာခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဝယ်လိုအားမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထောက်ခံချက်များလည်း မဖြစ်မနေ လိုအပ်မည်ဖြစ်ပြီး ထိုင်းနိုင်ငံသည် သတ်မှတ်ချက်နှင့်ကိုက်ညီသော ပြောင်းတင်ပို့နိုင်ငံ အသစ်များမှလည်း ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

## ပဲမျိုးစုံဈေးကွက်

အိန္ဒိယနိုင်ငံတွင် မိုးစိုက်ပဲသစ်များအဝင်နည်းလာခြင်း၊ ပဲခွဲစက်များနှင့် ကုန်သည်များမှလည်း အဝယ်ရှိလာချိန်ဖြစ်ခြင်း၊ ဘရာဇီးမတ်ပဲအဝင်နည်းခြင်း၊ ပဲလက်ကျန်နည်းလာခြင်း၊ လက်ရှိဆောင်းစိုက်ပဲဧရိယာအချို့လျော့နည်းနေခြင်းတို့ကြောင့် မတ်ပဲဈေးနှုန်းများ ဈေးမြင့်ခဲ့သည်။ ပဲစင်းငုံ ဈေးနှုန်းမှာမူ အာဖရိကမှ ပုံမှန်အဝင်ရှိခြင်းကြောင့် ဝယ် လိုအားနည်းကာ ဈေးနိမ့်လျက်ရှိသည်။ ထို့ကြောင့် မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၆၀၇၀၀၀ ကျပ်မှ ၂၆၆၂၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲစင်းငုံ (သဘော်တင်)မှာမူ မြန်မာပြည်တွင်း၌ လက်ကျန်နည်းလာချိန်ဖြစ်သော်လည်း ပြည်ပမှ ဝယ်လိုအားမရှိခြင်းကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပဲစင်းငုံ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၅၈၅၀၀၀ ကျပ်မှ ယခုအပတ် ဈေးနှုန်း ၂၅၄၅၀၀၀ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက် ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၁၀၅ လုံးခန့် အရောင်း အဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံ(သဘော်တင်)မှာမူ အရောင်းအဝယ်ဖြစ်မှု မရှိ သလောက်နည်းခဲ့ ကြောင်းသိရသည်။ ပဲတီရွှေဝါ ဈေးနှုန်းများမှာ မျိုးအဖြစ်ဝယ်ယူချိန်ဖြစ်ခြင်း၊ မတ်ပဲအစားထိုးစိုက်ပျိုးရန် ဝယ်ယူမှုရှိခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ ပဲတီ ရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၄၀၅၄၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့် ခဲ့သည်။ထောပတ်ပဲမှာ ပဲဟောင်းလက်ကျန်နည်းခြင်းနှင့်ဝယ်လိုအားများခြင်းကြောင့်အနည်းငယ် ဈေးမြင့်ခဲ့သည်။ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၈၉၃၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၉၄၇၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ကုလားပဲနှင့် ဘိုကိတ်ပဲမှာစားသုံးသူများမှဝယ်လိုအားနည်းခြင်းကြောင့် ဈေးနိမ့်ခဲ့သည်။ ကုလားပဲ တစ်ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၄၃၄၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၄၂၉၅ ကျပ်ဖြစ်သည်။ အသီးသီးရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဘိုကိတ်ပဲမှာ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၁၅၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၁၀၀၀၀ ကျပ်ဖြစ် သည်။ ပဲလွမ်းဖြူနှင့်ပဲပုပ်ပဲမှာ ပဲဟောင်းလက်ကျန် နည်းခြင်းနှင့် ဝယ်လိုအား နည်းခြင်းတို့ ကြောင့် ယခင်အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့သည်။ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၅၇၅၅၀ ကျပ်ဖြစ်ပြီး ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၂၄၉၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီဈေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၃၃၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၂၅ ကျပ် ဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာမကွာသောဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင်စားအုန်းဆီ ၅၀ကျပ်သားနှုန်းရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေး မှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

စာ-၁၃ မှ

၅၀၀၀၀ ကျပ်ဈေး ရှိသည်။ ငရုတ်စို(ရှည်)မှာ မုံရွာ၊ ချောင်းဦးမှ အဝင်နည်းသေးခြင်းကြောင့် တစ်ပိဿာ ယခင်အပတ် ၄၅၀၀မှ ၅၀၀၀ကျပ်၊ စတက်တာ ၅၅၀၀ကျပ်၊ သို့ဈေးမြင့်သွားပြီး ငရုတ်စို(လတ်)မှာ ၆၅၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

### ဂျုံနှင့်အစေ့ထုတ်ပြောင်းဈေးကွက်

မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင်တို့မှ ထွက်သော ဂျုံအရည်သွေးအကောင်းဆုံး တစ်အိတ် ၂၄၀၀၀၀ကျပ်၊ ကလေးဂျုံ ၂၀၀၀၀၀ကျပ်၊ အထွက်တိုးဂျုံ ၁၉၅၅၀၀၊ ပန်ဆိုင်းကြူကုတ်ဂျုံ ၁၉၅၀၀၀ ကျပ်ဖြင့် ရှမ်းဂျုံ ၂၀၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မုန့်လုပ်ငန်းသမားများမှာ ဩစတေးလျဂျုံမှုန့်ကို အဝယ်ပုံမှန်၊ အဝင်ပုံမှန်ရှိ၍ တစ်ပိဿာ ၃၈၅၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ အစေ့ထုတ်ပြောင်းမှာ ဆောင်းစိုက်များ စိုက်ပျိုးထားဆဲဖြစ်ခြင်း၊ မိုးပြောင်းအဝင်နည်း၊ လက်ကျန် နည်းခြင်း၊ တိရစ္ဆာန်အစာစပ်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၇၂၀၀၀ ကျပ်မှ ၇၄၀၀၀ကျပ် သို့ဈေးမြင့်သွားသည်။

**ခင်မေကြည်**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၅-၁၁-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်ဈေးကွက်

မန္တလေးဈေးကွက်တွင် ဆန်ဈေးနှုန်းအနေဖြင့် အသစ်မဝင်သေးခြင်း၊ အဟောင်းလက်ကျန် နည်းခြင်း၊ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၃၀၀၀၀ကျပ်မှ ၁၅၀၀၀၀ ကျပ်သို့လည်းကောင်း၊ ရန်ကုန်ပေါ်ဆန်းမှာလည်း ရွှေဘိုဒေသတစ်ခုထဲမှ ထွက်ရှိသဖြင့် အထွက်နည်း အဝင်နည်းခဲ့ခြင်း၊ အဟောင်းလက်ကျန်နည်းခြင်း၊ အသစ်မဝင်သေးခြင်းကြောင့် တစ်အိတ် ၁၅၅၀၀၀ ကျပ်မှ ၁၇၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မနော်သုခဆန်မှာ အသစ်များဝင်ရောက်မှုရှိခြင်း၊ အဟောင်းလက်ကျန်နည်းသွားခြင်းကြောင့် အဟောင်းတစ်အိတ် ၇၂၀၀၀ကျပ်မှ ၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး၊ အသစ်မှာ တစ်အိတ် ၆၅၀၀၀ ကျပ်ဖြင့် လူလတ်တန်းစားများ ဝယ်ယူမှုပုံမှန်ရှိသည်။ ငစိန်ဆန်မှာ အဟောင်းလက်ကျန်မရှိတော့ဘဲ အသစ်များသာ ဝင်ရောက်ခြင်းကြောင့် အသစ် ဈေးဖြစ်ခြင်း၊ မုန့်လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ယခင်အပတ် တစ်အိတ် ၇၅၀၀၀ကျပ်မှ ၅၅၀၀၀ကျပ်သို့ ဈေးသိသိသာသာနိမ့်သွားသည်။ ဧယာဆန်မှာလည်း အသစ်ဝင်ရောက်မှုရှိခြင်း၊ အဟောင်း လက်ကျန်နည်းပြီး အရောင်းအဝယ်အေးခြင်းကြောင့် အသစ်တစ်အိတ် ၇၃၀၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ ဧရာမင်းဆန်မှာ မန္တလေးဝန်းကျင်မှ အဝင်ပုံမှန်စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၀၀၀၀ ကျပ်မှ ၁၃၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ဆီထွက်သီးနှံ ဈေးကွက်

မြေပဲ (လုံးဆန်/ဆီဆန်) ဈေးနှုန်းမှာ အဝင်ပုံမှန် လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် မြင်းမူလုံးဆံ ယခင်အပတ် ၈၅၀၀၀၀ကျပ်မှ ၈၂၀၀၀၀ကျပ် သို့ ဈေးနိမ့်သွားသည်။ မြေပဲ (ဆီဆန်)မှာ ဆီစက်သမားအဝယ်များခြင်း၊ အသစ်အဝင်နည်းသေးခြင်း ကြောင့် အရည်အသွေးပေါ်မူတည်၍ ၄၅ပိဿာ ၇၃၀၀၀၀ကျပ်မှ ၇၉၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ် နေသည်။ နှမ်းမျိုးစုံ ဈေးနှုန်းအနေဖြင့် နှမ်းဖြူမှာ မိုးနှမ်းလက်ကျန်များခြင်း အသစ်ဝင်ချိန်နီးခြင်းကြောင့် နှမ်းဖြူ(ရိုးရိုး) ၄၅ပိဿာ ယခင်အပတ် ၂၇၅၀၀၀ကျပ်မှ ယခုအပတ် ၂၅၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းညိုမှာ ဆီစက်သမားအဝယ်ပုံမှန်ရှိသော်လည်း အသစ်ဝင်ချိန်နီးခြင်းကြောင့်ယခင်အပတ် ၄၅ပိဿာ ၂၈၂၀၀၀ကျပ်မှ ၂၇၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနက်(စမုံ)မှာ အသစ်ဝင်ချိန်နီးခြင်း၊ တရုတ်ဝယ်လက်နည်းခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် အရည် အသွေးပေါ်မူတည်၍ အနိမ့်ဆုံး ၄၅ပိဿာ ၇၀၅၀၀၀ကျပ်မှ ၇၄၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုး နှင့် ရောင်းဝယ် နေသည်။ ပန်းနှမ်းဈေးနှုန်းမှာ ပစ္စည်းရှားခြင်း၊ ဈေးမြင့်သဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခြင်းကြောင့် ယခင်လများ ဈေးနှုန်းအတိုင်း ၄၅ပိဿာ ၂၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဆောင်းနေကြာမဝင်သေးခြင်း၊ မိုးနေကြာ အဝင် နည်းခဲ့ခြင်း၊ အစာစပ်သမားအဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၇၂၀၀၀ကျပ်မှ ၇၄၀၀၀ကျပ် သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲဈေးနှုန်းမှာ ကျောက်ရစ်ပဲများ အဝင်နည်းသွားခြင်း၊ ခြံပဲများလည်းအဝင်နည်းခြင်းကြောင့် အရောင်းအဝယ်အေး သော်လည်း၊ ကျောက်ရစ်ပဲ ၃တင်းတစ်အိတ် ၂၄၅၀၀၀ကျပ်မှ ၂၅၀၀၀၀ကျပ်၊ ခြံပဲ ၂၁၀၀၀၀ကျပ်မှ ၂၃၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲတီစိမ်း(အညာ)မှာ မိုးပဲအဝင်နည်းခြင်း၊ ဆောင်းပဲစိုက်ပျိုးစ ဖြစ်သော်လည်း၊ တရုတ်ဝယ်လက် နည်းခြင်း၊ မုံရွာဘက်မှ အဝင်များခြင်းကြောင့် ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုသာရှိပြီး ၃တင်းတစ်အိတ် အရည် အသွေးအကောင်းဆုံး ယခင်အပတ် ၃၅၀၀၀၀မှ ယခုအပတ် ၃၃၀၀၀၀ကျပ် သို့ ဈေးနိမ့်သွားသည်။ ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ ပစ္စည်းရှားသော်လည်း ရန်ကုန်ဝယ်လက်နည်းခြင်း၊ ပဲခွဲစက်များ အဝယ် နည်းခြင်းကြောင့် ပဲစဉ်းငုံ(နီ) ၃တင်းတစ်အိတ် ၂၄၆၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ မသိမသာ ဈေးနိမ့် သွားပြီး ပဲစဉ်းငုံ(ဖြူ)မှာ ၂၂၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မိုးပဲအဝင်ရှိခဲ့ခြင်း၊ လုပ်ငန်းသမား၊ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ပဲပုတ်(မြန်မာ)၃တင်းတစ်အိတ် ယခင်အပတ် ၃၅၅၀၀၀ကျပ်မှ ယခုအပတ် ၃၂၀၀၀၀ကျပ် သို့လည်းကောင်း ပဲပုတ်(ရှမ်း)မှာ ယခင်အပတ် ၃၂၀၀၀၀ကျပ်မှ ယခုအပတ် ၃၀၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကုလားပဲ(ကုဖြူကြီး)မှာ စတင်စိုက်ပျိုးသောကာလဖြစ်၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ ပဲခွဲစက်နှင့် လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ကုဖြူကြီး ၃တင်းတစ်အိတ် ၂၄၀၀၀၀ ကျပ်မှ ၂၃၀၀၀၀ ကျပ်၊ လုံးဝါကြီး ၂၃၀၀၀၀ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေး မသိမသာ နိမ့်သွားသည်။ ခွဲခြမ်းမှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ဖြစ်၍ တစ်ပိဿာ ၅၈၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ မြေထောက်ပဲမှာ မုံရွာဘက်မှ အဝင်ရှိခြင်း၊ စိုက်ပျိုးထားဆဲကာလဖြစ်၍ လှောင်သမားထုတ် ရောင်းမှုရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၂၇၅၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ ဈေးနိမ့်သွား သည်။ ပဲယင်းမှာလည်း ကြာဇံသမားနှင့် ပဲခွဲစက်များအဝယ်နည်းသဖြင့် ၂၂၀၀၀၀ကျပ်မှ ၂၁၅၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ စားတော်ပဲ(ကျွန်း)မှာ အဝင်နည်းခြင်း၊ နိုင်ငံခြားပဲများလည်း အဝင်နည်း ဈေးမြင့်ခြင်း၊ လက်လီသမားပုံမှန်ဝယ်ယူခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၉၁၀၀၀၀ကျပ်ထိ ဈေးမြင့်သွားရာမှ ယခုအပတ် လက်လီသမားအဝယ်နည်း အရောင်းအဝယ်အေး သွားသဖြင့် ၈၈၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲကြော်/လှော်သမားအဝယ်ပုံမှန်ရှိခြင်း၊ ဆောင်းပဲစိုက်ပျိုးထား ပြီဖြစ်၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်းတို့ကြောင့် ထောပတ်ပဲ(ကြီး)၃တင်းတစ်အိတ် ၂၆၅၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး)၂၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မိုးပဲအဝင်နည်းခဲ့ခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်း၊ ပဲကြော်/လှော် သမားအဝယ်ပုံမှန်ရှိခြင်း၊ ပစ္စည်းရှားခြင်း၊ ဆောင်းပဲစိုက်ထားဆဲဖြစ်ခြင်းကြောင့် ပဲကြီး(ကြီး) ၃တင်း တစ်အိတ် ၆၀၀၀၀၀ကျပ်၊ ပဲကြီး(သေး)၅၃၀၀၀၀ကျပ်ထိ ဈေးများစွာ မြင့်သွားသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက်(ရှည်)မှာ သာစည်၊ ရမည်း သင်း၊ ပျော်ဘွယ်တို့မှ အဝင်နည်းသွားခြင်း၊ မြို့တွင်းသုံးဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် တစ်ပိဿာ ၁၃၅၀၀ကျပ်မှ ၁၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ငရုတ်ခြောက်(လတ်)မှာ ရှမ်းစကာသီးများ ဝင်ရောက်ပြီး အဝင်နည်းခြင်းကြောင့် တစ်ပိဿာ ၂၃၀၀၀ကျပ်ဈေးထိ မြင့်နေပြီး ဧရာဝတီတိုင်းမှ ငရုတ်ခြောက်(ပွ)များမှာ Aircon ဖြင့် ထားသောအပွသီးများဖြစ်၍ တစ်ပိဿာ ၃၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်နီမှာ မုံရွာ၊ မြင်းမူ၊ ထီးဆောင်းနယ်စုံမှ ဝင်ရောက်ခြင်း၊ အဝေးတင်ပို့ရမှု မရှိဘဲ မြို့တွင်းသုံးသာရှိခြင်း၊ အရည်အသွေး ညံ့သွားခြင်းကြောင့် ကြီးတစ်ပိဿာ ၁၆၀၀ကျပ်မှ ၁၅၀၀ ကျပ်၊ လတ်တစ်ပိဿာ ၁၃၀၀မှ ၁၀၀၀ကျပ်၊ ဈေးနိမ့်သွားပြီး သေးတစ်ပိဿာ ၆၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်နည်းသွားသော်လည်း မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် အညံ့ဆုံး တစ်ပိဿာ ၂၅၀၀ကျပ်မှ အကောင်းဆုံး ၅၅၀၀ကျပ်ဖြင့် အရည်အသွေးပေါ်မူတည်၍ ဈေးကွာ ခြားမှုရှိသည်။ ကြက်သွန်ဖြူ(မြန်မာ) မှာ အသစ်မဝင်သေးဘဲ လက်ကျန် ထုတ်ရောင်းမှုရှိခြင်းကြောင့် အရည်အသွေးပေါ် မူတည်၍ ၃၀၀၀ကျပ်မှ ၆၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ တရုတ်အာလူး အဝင်မရှိဘဲ အောင်ပန်းအာလူးများသာ ဝင်ရောက်ပြီး အိုကေတစ်ပိဿာ ၆၀၀၀ ကျပ်၊ အေဝမ်းတစ်ပိဿာ ၅၂၀၀ ကျပ်၊ဆွဲတစ်ပိဿာ၄၀၀၀ကျပ်ဖြင့် မြို့တွင်းနှင့်မန္တလေးဝန်းကျင်မှ ဝယ်ယူမှုရှိသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ ဈေးကွက်

မုံရွာ၊ ချောင်းဦးမှ ဖရဲသီးများ အဝင်များပြီး အလုံးအကြီး/သေးပေါ်မူတည်၍ တလုံး ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ်ထိ ဈေးရှိသည်။ တရုတ်ပျားလိမ္မော်များလည်း ဝင်ရောက်ပြီး ၁၁ပိဿာ တစ်ခြင်း ၁၃၀၀၀၀ကျပ်၊ ရှောက်၊ သီပေါ မှ ထောပတ်သီး ၁၂၀လုံး ပါ တစ်အိတ် အရည်သွေးပေါ်မူတည်၍ ၂၀၀၀၀မှ ၄၀၀၀၀ကျပ်၊ ရမည်းသင်းမှ မြန်မာစပျစ်တစ်ပိဿာ ၈၀၀၀ကျပ်၊ မန္တလေးဝန်းကျင်မှ သခွားမွှေး၊ ရွှေသခွားများ ဝင်ရောက်ပြီး အရည်အသွေးပေါ်မူ တည်၍ ၃၀၀၀မှ ၅၀၀၀ကျပ်၊ ချောင်းဦး၊ ညောင်ပင်ဝန်းမှ သဘော်သီး ၂ လုံး တစ်ထုပ် ၃၀၀၀ကျပ်ဈေးဖြင့် မန္တလေးသစ်သီးဆိုင်များ၊ သထုံ၊ ကျိုက်ထို၊ ဗန်းမော်၊ ပြင်ဦးလွင်နှင့် အမှာရှိသော မြို့များသို့ တင်ပို့သည်။

ရှမ်းတောင်ခရမ်းချဉ်များ ၂၀ပိဿာ တစ်သေတ္တာ ၄၀၀၀၀မှ

စာ-၁၂ သို့



သဘာဝဂေဟအစားအစာနှင့်ဆေး

# သဘော်ာမန်ကျည်း

ကြေးမုံငယ်

စာရေးသူငယ်စဉ် အခြေခံပညာကျောင်းသူဘဝတုန်းက စားခဲ့ရသော အသီးတောင့်လေး။ ခရုပတ်ခွေပုံသဏ္ဍာန် အသီးတောင့်လေးမှာ အဖြူရောင်၊ ခရင်မ်ရောင်၊ ပန်းရောင်၊ အနီရောင်၊ ခရမ်းရင့်ရောင်မှသည် အညိုရောင် အထိ ရောင်စုံလေးမို့ ပန်းလေးများသဖွယ် လှပနေကြ၏။ အသီးတောင့်အတွင်းတွင် စားသုံးနိုင်သော အစိတ်အပိုင်းမှာ အဖြူရောင် သို့မဟုတ် ပန်းရောင်ဖျော့ဖျော့ရှိပြီး အသီးစိမ်းချိန်တွင် ချဉ်သောအရသာရှိပြီး ရင့်မှည့်သော အသီးမှာ ချိုမြိန်သောအနှစ်ဖြစ်ပြီး အနက်ရောင်တောက်ပြောင်သော အစေ့များကို ဝန်းရံထား၏။

သဘော်ာမန်ကျည်းပင်ကို အင်္ဂလိပ်မန်ကျည်း၊ တရုတ်မန်ကျည်း၊ ကုလားမန်ကျည်နှင့် မနီလာမန်ကျည်းဟု အမည် နာမအမျိုးမျိုး ခေါ်ဆိုကြ၏။ အင်္ဂလိပ်အမည်မှာ Manila tamarind ဟုခေါ်ဆိုကြသကဲ့သို့ Madras thorn, monkeypod tree နှင့် Jungle jalebi ဟုလည်းခေါ်ကြ၏။ ရုက္ခဗေဒအမည်မှာ Pithecellobium dulce ဟုလည်းခေါ်ဆိုကာ မျိုးရင်း Fabaceae တွင် ပါဝင်၏။ မနီလာမန်ကျည်းသီးသည် မက္ကဆီကို၊ အလယ်ပိုင်းအမေရိကနှင့် တောင်အမေရိကမြောက်ပိုင်း၏ ပစိဖိတ်ကမ်းရိုးတန်းတို့တွင် မူလစတင်ပေါက်ရောက်ပြီး မက္ကဆီကိုမှ ကိုလံဘီယာနှင့် ဗင်နီဇွဲလားအထိ ပျံ့နှံ့ပေါက်ရောက်၏။အချို့ကလည်း သဘော်ာမန်ကျည်းပင်သည် အိန္ဒိယတွင်လည်း မူလပေါက်ရောက်သည်ဟု ယူဆကြ၏။

သဘော်ာမန်ကျည်းပင်သည် ကြီးထွားမှုမြန်ဆန်ပြီး အမြင့်ပေ ၂၀ အထိ ရှင်သန်နိုင်သော အပင်မျိုးဖြစ်ပြီး ဆူးများ ပါရှိသော အပူပိုင်းဒေသပေါက် ဆေးဖက်ဝင်အပင်ကြီးမျိုးဖြစ်၏။ ယင်းတွင် ကွေ့ကောက်သော ပင်စည်၊ ဆူးပါသော အကိုင်းအခက်များနှင့် သေးငယ်ပြီး အစိမ်းရောင်သမ်းသော အဖြူရောင်ပန်းပွင့်များ အဆုပ်လိုက်ပွင့်တတ်သကဲ့သို့ အသီးများလည်း ကွေးကောက်ပြီး အဆုပ်လိုက်သီးတတ်၏။ အသီးတောင့်မှာ ခရုပတ်ပုံသဏ္ဍာန်အခွံရှိပြီး မရင့်မှည့်မီ အချိန်တွင် အဖြူရောင်၊ ခရင်မ်ရောင်၊ ပန်းရောင်မှသည် ရင့်မှည့်လာသည်နှင့်အမျှ အနီရောင်၊ ခရမ်းရင့်ရောင်မှသည် အညိုရောင်အထိ ရောင်စုံရှိပြီး အတွင်းတွင် တောင်ပြောင်သောအနက်ရောင်အစေ့များပါရှိ၏။ ရင့်မှည့်သော အသီးအတွင်းသား အနှစ်မှာ ချိုသောအရသာရှိပြီး စားသုံးနိုင်၏။

သဘော်ာမန်ကျည်းသီး ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၇၉ ကယ်လိုရီပါဝင်ပြီး ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်နှင့် ပရိုတင်းဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး အစိုဓာတ်၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ ဖော့စ်ဖရပ်စ်၊ မဂ္ဂနီစီယမ်၊ ကော့ပါးနှင့် သံဓာတ်တို့ ကြွယ်ဝစွာပါဝင်၏။ ထို့အပြင် မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်ဆစ်များနှင့် ဗီတာမင်စီ ပမာဏများစွာလည်း ပါဝင်၏။ အသီးခွံတွင် ဗီတာမင်စီ၊ အေနှင့် သိုင်ယာမင်၊ ရီဘိုဖလာဗင်၊ နိုင်ယာစင်ကဲ့သို့သော ဗီတာမင်များပါဝင်ပြီး အရွက်များတွင် ပရိုတင်းဓာတ်နှင့် ဖော့စ်ဖရပ်စ်တို့ မြင့်မားစွာပါဝင်၏။

ရိုးရာတိုင်းရင်းဆေးပညာရပ်အရ သဘော်ာမန်ကျည်းသီးကို အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ သွား၊ သွားဖုံးနှင့် ခံတွင်းရောဂါများ၊ သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိစေခြင်း၊ ကိုယ်တွင်းရောင်ရမ်း နာကျင်မှုကို သက်သာစေခြင်း၊ အသည်းကျန်းမာရေးနှင့် ဆက်စပ်သော ရောဂါများနှင့် ထိခိုက်ဒဏ်ရာများအတွက် ကုထုံးအဖြစ် အသုံးပြုခဲ့ကြ၏။ အခေါက်ကို ဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ဝမ်းချုပ်ခြင်း၊ မျက်လုံးရောင်ရမ်းခြင်း၊ နှင်းခူ၊ ဝက်ခြံကဲ့သို့ အရေပြားပြဿနာများအတွက် ဆေးအဖြစ်အသုံးပြု၏။ အရွက်ကို ပြင်ပထိခိုက်ဒဏ်ရာများကို ကုသရာတွင်လည်းကောင်း၊ လည်ချောင်းနာခြင်း၊ အအေးမိခြင်းနှင့် ချောင်းဆိုးခြင်းကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ၊ အစာမကြေခြင်း၊ သည်းခြေအိတ်ရောဂါများနှင့် ကိုယ်ဝန်ပျက်ကျခြင်းတို့မှ ကာကွယ်ရန်အတွက် ဆေးအဖြစ် အသုံးပြုကြ၏။

- အမျှင်ဓာတ်ပါဝင်မှု မြင့်မားသည့် သဘော်ာမန်ကျည်းသီးသည် အစာခြေစနစ်ကို အထောက်အကူပြုပြီး ဝမ်းချုပ်ခြင်း၊ လေပွခြင်းတို့မှ ကာကွယ်ပေးနိုင်၏။

- သဘော်ာမန်ကျည်းသီးတွင် ဗီတာမင်စီ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကိုယ်ခံအားစနစ်ကို ကြံ့ခိုင်ကောင်းမွန်စေရန် မြှင့်တင်ပေးနိုင်စွမ်းရှိ၏။

- ဗီတာမင်စီ၊ ကယ်လ်စီယမ်နှင့် ပိုတက်စီယမ်ကဲ့သို့သော သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည့် သဘော်ာမန်ကျည်းသီး၏ အတွင်းသား အနှစ်သည် သွေးအတွင်းရှိ မကောင်းသောကိုလက်စထရောများကို လျှော့ချပေးခြင်းဖြင့် နှလုံးကျန်းမာရေးကို မြှင့်တင် ပေးနိုင်စွမ်းရှိ၏။

- သဘော်ာမန်ကျည်းသီးသည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွားနိုင်ချေကို ဆန့်ကျင်သည့် ဂုဏ်သတ္တိများလည်းရှိပြီး အသည်းကျန်းမာရေးကို အထောက်အကူပြုခြင်းနှင့် အစာအိမ်နာကျင် ခြင်းနှင့် ဝမ်းကိုက်ခြင်းကဲ့သို့သော အစာခြေပြဿနာများကို သက်သာစေရန် ရိုးရာအစဉ်အလာအရ ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြ၏။

- သဘော်ာမန်ကျည်းသီးတွင် ဗီတာမင်စီ ပါဝင်မှုမြင့်မားခြင်းကြောင့် ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး အအေးမိ ခြင်းနှင့် ချောင်းဆိုးခြင်း လက္ခဏာများကို လျော့ကျစေနိုင်၏။

- သဘော်ာမန်ကျည်းပင်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်ခြင်းကြောင့် ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်ပေးနိုင်စွမ်း၊ ကိုယ်ခန္ဓာအတွင်း ဓာတ်တိုးခြင်းကြောင့်ဖြစ်သော စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်စွမ်း၊ နှလုံး သွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချနိုင်စွမ်းတို့ရှိ၏။

- အသီး၊ အရွက်နှင့် အခေါက်တို့တွင် ဖလေဗာနွိုက်နှင့် တန်နင်ကဲ့သို့သော ဒြပ်ပေါင်းများ ပါဝင်ခြင်းကြောင့် သွေးတွင်း သကြားဓာတ်ပမာဏကို မျှချေဖြစ်နိုင်စွမ်း၊ ထိခိုက်ဒဏ်ရာများကို ကာကွယ်ပေးနိုင်စွမ်းနှင့် အဏုဇီဝပိုးမွှားများကို သေစေနိုင်စွမ်းတို့ရှိ၏။

- အသီးနှင့် အရွက်တို့တွင် ဘက်တီးရီးယားပိုးများကို သေစေနိုင်စွမ်းနှင့် မှိုရောဂါများကို တိုက်ဖျက်နိုင်စွမ်းတို့ရှိ၏။

မြန်မာနိုင်ငံတွင် သဘော်ာမန်ကျည်းသီးပင် အညာဒေသတွင် နေရာအနှံ့အပြားပေါက်ရောက်လေ့ရှိပြီး စားသုံးလိုသည့် အချိန် အပင်ပေါ်မှ အသီးခိုင်များကို ဝါးတံချူဖြင့် အလွယ်တကူ ဆွတ်ခူးစားနိုင်သကဲ့သို့ ယခုအခါ စူပါမားကက်များတွင် သာမကအွန်လိုင်းရှော့ပ်များမှပါ အလွယ်တကူ ဝယ်ယူရရှိနိုင် ပြီး မိမိနှစ်သက်သလိုပြင်ဆင်သုံးဆောင်နိုင်၏။

- သဘော်ာမန်ကျည်းသီးကို မြန်မာနိုင်ငံတွင် အဓိကအားဖြင့် အသီးမှည့်၏ ချိုချဉ်အရသာရှိသော အတွင်း

စာ-၁၅ သို့





စာ-၁၁ မှ

## စာရေးသူ၏ အတွေးတစ်စ

နိုင်ငံအချို့ရှိ စိုက်ပျိုး၊ မွေးမြူရေး၊ ဘာသာများ သင်ကြား၊
ဘွဲ့ပေး နေသော တက္ကသိုလ်များ (၂၀၂၄)

| စဉ် | နိုင်ငံ | လူဦးရေ (သန်း) | အစိုးရပိုင် | ပုဂ္ဂလိကပိုင် | တက္ကသိုလ် စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ | ၁၄၅၁ | ၆၇ | ၂၄၁ | ၃၀၈ |
| ၂ | တရုတ် | ၁၄၁၉ | *(၇၉) | | ၇၉ |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၁၇၄ | ၁၀ | ၅ | ၁၅ |
| ၄ | ဂျပန် | ၁၂၄ | ၅၃ | ၁၅ | ၆၈ |
| ၅ | မလေးရှား | ၃၂ | *(၁၄) | - | ၁၄ |
| ၆ | ထိုင်း | ၇၂ | ၂၄ | ၂ | ၂၆ |
| ၇ | ဖိလစ်ပိုင် | ၁၁၉ | ၂၄ | ၂၃ | ၄၇ |
| ၈ | ဗီယက်နမ် | ၁၀၁ | *(၁၆) | - | ၁၆ |
| ၉ | မြန်မာ | ၅၅ | **၃ | - | ၃ |

* အစိုးရ+ပုဂ္ဂလိက Both Public and Private HEIs

* ၂၀၂၅ခုနှစ်တွင် မအူပင် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် အသစ် ထပ်မံဖွင့်လှစ်ပါ-သည်၊

နိုင်ငံအချို့ရှိ ဘာသာရပ်အလိုက် ဘွဲ့ရ လူဦးရေ ၁၀၀လျှင် ရှိသည့်-
ရာခိုင်နှုန်း

| ဘာသာရပ် | မြန်မာ | ဖိလစ်ပိုင် | ဂျပန် | အမေရိကန် |
|---|---|---|---|---|
| စိုက်ပျိုး၊မွေးမြူရေး(%) Agriculture | ၀.၅ | ၂.၂ | ၂.၆ | ၁.၀ |
| ပညာရေး (%) Education | ၂.၃ | ၁၃.၃ | ၇.၂ | ၉.၅ |
| အင်ဂျင်နီယာ၊ကွန်ပြူတာ (%) Engineer, ICT | ၃.၉ | ၁၁.၅ | ၇.၁ | ၇.၂ |
| ဆရာဝန်၊ သူနာပြု (%) Health | ၁.၃ | ၁၅.၇ | ၁၃.၀ | ၁၇.၃ |
| လူမှုရေး၊ စီးပွားရေး၊ ဥပဒေ (%) Social Sci., Business, Law | ၁၄.၁ | ၃၁.၅ | ၂၇.၀ | ၃၆.၄ |
| ဝန်ဆောင်မှု (%) Services | ၀.၃ | ၄.၉ | ၈.၅ | ၇.၇ |
| ဝိဇ္ဇာနှင့်လူမှုဘာသာ (%) Humanities and Arts | ၃၄.၄ | ၂.၁ | ၁၄.၇ | ၁၁.၉ |
| ရိုးရိုးသိပ္ပံ (%) Pure Science | ၄၃.၂ | ၁၄.၀ | ၃.၁ | ၈.၉ |
| အခြား Unspecified Field (%) | ၀.၀ | ၄.၈ | ၆.၈ | ၀.၁ |
| စုစုပေါင်း Total | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

Source – UNESCO/World Bank

အထက်ပါဇယားများအရ စာရေးသူတို့ စိုက်ပျိုးမွေးမြူရေး အခြေခံသောမြန်မာ နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များစွာလိုအပ်နေပါသေးသည်။စိုက်ပျိုး မွေးမြူရေး လုပ်ငန်းသဘာဝအရ မြို့ကြီးများထက် ကျေးလက်ဒေသများ (Rural Areas) နှင့် နီးစပ် ရပါမည်။ အခြားနိုင်ငံများ ကဲ့သို့ ဥပမာ - စပါး၊ ပြောင်းဖူး၊ မြေပဲ၊ ပဲစဉ်းငုံ၊ သရက်၊ ခရမ်း ချဉ်သီး၊ နှင်းဆီပန်း စသည်ဖြင့် သီးနှံတစ်ခုထဲကို လုပ်သက်တစ်လျှောက်လုံး တစ်စိုက်မတ်မတ် သင်ကြား၊ သုတေသနပြုနေသူ စိုက်ပျိုးရေးပညာရှင်များမှာလည်း နည်းပါး နေပါသေးသည်။

(က) အိန္ဒိယနိုင်ငံပုံစံ ပြည်နယ်နှင့်တိုင်းများတွင် စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ် (New State Agricultural Universities) အသစ်တွေ ဆက်လက်ဖွင့်လှစ်မည်လား?

တက္ကသိုလ် အသစ်တစ်ခု ဖွင့်လှစ်ရန်မှာ ငွေကြေး၊ နေရာ အကျယ်အဝန်း၊ လူ့စွမ်းအား အရင်းအမြစ်ကအစ ထည့်တွက်ရပါမည်။

(ခ) ရှိပြီးသားတက္ကသိုလ်များ တွင် စိုက်ပျိုးမွေးမြူရေးမဟာဌာနအသစ် (New Faculty of Agriculture under Existing Universities) ဖွင့်လှစ်ပြီး ဆရာ/ဆရာမ အင်အား အနည်း ငယ်နှင့် လက်တွေ့တစ်ခန်းစာ ကျောင်းသား/သူ ၄၀-၅၀ ခန့်နှင့် တိုင်းရင်းသားများရှိနေ သော၊ ဝေးလံခေါင်ဖျား ပြည်နယ်အရပ်များမှာ ရှိနေသော တက္ကသိုလ်များမှာ ဖွင့်လှစ် မည်လား?

ဥပမာ - ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်

(၁၉၈၇-ခုနှစ် စာရေးသူ တို့ မဟာသိပ္ပံ တက်စဉ်က ဩစတေးလျနိုင်ငံ၊ ကွင်းစလန် တက္ကသိုလ်၊ စိုက်ပျိုးမွေးမြူရေး မဟာဌာနတွင် စိုက်ပျိုးမွေးမြူရေး ဘာသာ တနှစ်ဘွဲ့ကြို ကျောင်းသား/သူ ၅၀-ဦး သာလက်ခံခဲ့ပါသည်။ သို့သော် ဩစတေးလျနိုင်ငံရှိ ပြည်နယ်အားလုံးရှိ နာမည်ကြီး တက္ကသိုလ်တိုင်းတွင် စိုက်ပျိုး၊ မွေးမြူရေး မဟာဌာနရှိပါသည်)

(ဂ) ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်များ (Agriculture Subjects in Private Universities) မှာ စိုက်ပျိုး၊ မွေးမြူရေး အဆင့်မြင့် (HE – Higher Education in Agriculture) နှင့် အသက်မွေးဝမ်းကျောင်းပညာ (TVET – Technical and Vocational Education and Training in Agriculture) ဘာသာရပ်များ သင်ကြားလာအောင် အားပေး ကူညီမည်လား?
(ဇယား-၁ ၊ နိုင်ငံတကာတွင် စိုက်ပျိုးမွေးမြူရေး ပညာသင်ကြားပေးနေသော ပုဂ္ဂလိက အဆင့်မြင့်ကျောင်းများကို လေ့လာ နမူနာယူရပါမည်)

(ဃ) စိုက်ပျိုးမွေးမြူရေးသိပ္ပံ (SALI – State Agricultural and Livestock Institute)အချို့တွင်စိုက်ပျိုး၊မွေးမြူရေးကောလိပ်များ(Agricultural College)အဆင့်မြင့်လက်တွေ့ ဦးစားပေးသင်ကျောင်းများ ဖွင့်လှစ်၍ မူလ စိုက်ပျိုး မွေးမြူရေး ဒီပလိုမာ (Diploma in Agriculture) လက်မှတ်ရ သင်တန်းများအပြင် လက်တွေ့စိုက်ပျိုးမွေးမြူရေးဘွဲ့ (Bachelor of Practical Agriculture) အသုံးချသိပ္ပံ - လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ မွေးမြူရေး (Bachelor of Applied Science - Agronomy, Horticulture, Animal Husbandry) စသည့် ဘွဲ့အသစ်များ ပေးအပ်မည်လား? ဥပမာ - ဂျာမနီ၊ နယ်သာလန် စသည့် နိုင်ငံများသည် ဤစနစ်ဖြင့် အောင်မြင်နေသော နိုင်ငံများဖြစ်ပါသည်။ ဤစနစ်က စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလုပ်အကိုင်များကို အဓိကဦးစားပေးပါသည်။ (အလုပ်လုပ် ရင်း ကျောင်းတက် စေသော နည်းစနစ်ဖြစ်ပါသည်)။

(င) ကမ္ဘာ့နာမည်ကြီး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် နယ်သာလန်နိုင်ငံ ဗာဂန်နီကန် သင်ကြား၊သုတေသနတက္ကသိုလ် (WUR – Wageningen University and Research) ကဲ့သို့ ကမ္ဘာနိုင်ငံအများစု သင်ကြားတက်ရောက် နေကြသော စိုက်ပျိုးမွေးမြူရေး ပညာများကို အဝေးမှသင်ကြားပေးသောစနစ် (Distance Education in Agriculture) ဆောင်ရွက် ပေးမည်လား?

အနာဂတ်ကာလ နိုင်ငံပိုမိုတိုးတက်ဖွံ့ဖြိုးလာရန် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားပေးရန်စဉ်းစားစီမံစရာတွေများစွာရှိလာလိမ့်မည်ဟူ၍ ဆွေးနွေးလိုက်ရပါသည်။

ဒေါက်တာမျိုးကြွယ်

(ဆက်လက်ဖော်ပြပါမည်)

စာ-၁၄ မှ

သားအနှစ်ကို အစိမ်းစားကြ၏။ သဘော်မန်ကျည်းသီး တောင့်၏ အပြင်ဘက်အခွံသည် ကြွပ်ဆတ်သည့်အတွက်ယင်းကို ညင်သာစွာဖိလိုက်ရုံဖြင့် အလွယ်တကူ ကွဲသွားပါလိမ့်မည်။ အထဲတွင် အစေ့များကို ဝန်းရံထားသော အနီရောင် သို့မဟုတ် အဖြူရောင် အမျှင်များကို တွေ့ရပါမည်။ စားသုံးနိုင်သော အစိတ်အပိုင်းမှာ အစေ့များ ပတ်လည်ရှိ စေးကပ်ကပ်နှင့် ချိုချဉ်အရသာ ရှိသော အမျှင်များဖြစ်၏။ အစေ့များကို ဖယ်ရှားပါ။

- အသီးမှည့်မှ အနှစ်များကို ခြစ်ယူပြီး အသီးဖျော်ရည်၊ ရေခဲသုပ်၊ ရေခဲမုန့်၊ သစ်သီးသုပ်များထဲသို့ ထည့်သွင်း စားသုံးနိုင်ရန် ရေခဲသေတ္တာ အခဲကန့်ထဲတွင် သိမ်းဆည်းနိုင်၏။

- အသီးအနှစ်ကို ရေခဲ၊ သကြားနှင့် ရောစပ်ပြီး ကိုယ်ရောစိတ်ပါလန်းဆန်းစေသော ဖျော်ရည်အဖြစ် ပြုပြင် သုံးဆောင်နိုင်၏။

- အချို့ကလည်း အသီးအနှစ်ကို ချိုချဉ်အရသာဟင်းပွဲများ ပြင်ဆင်ရာတွင် ထည့်သွင်းအသုံးပြုကြ၏။

- အသီးအနှစ်များကို တာရှည် အထားခံအောင် ယို၊ သကြားလုံး၊ ဂျယ်လီ၊ ကျောက်ကျောနှင့် ဆော့စ်များ ပြုလုပ် စားသုံးနိုင်၏။

- သဘော်မန်ကျည်းသီးအစေ့မှ ဆပ်ပြာထုတ်လုပ်သည့်လုပ်ငန်းတွင် ကုန်ကြမ်းအဖြစ်အသုံးပြုနိုင်သော ဆီကို ထုတ်ယူ ရရှိ၏။

- အစေ့များသည် ပရိုတင်းနှင့် အဆီကြွယ်ဝသည့်အတွက် တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်၏။

-ပင်စည်ကို အထွေထွေဆောက်လုပ်ရေးလုပ်ငန်းများ၊ ခြံစည်းရိုးတိုင်များနှင့် လောင်စာအဖြစ် အသုံးပြုနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် သဘော်မန်ကျည်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီသည့် နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်

Agribiz News www.agribiznews.com.mm

မြန်မာနိုင်ငံတွင် လူတစ်ဦးလျှင် တစ်နှစ်ပျမ်းမျှ စားသုံးဆီ ၆ ဒသမ ၅ ပိဿာခန့် စားသုံးသည့်အတွက် စုစုပေါင်း စားသုံးဆီ လိုအပ်ချက်မှာ တန်ချိန် ၅ ဒသမ ၈ သိန်းခန့် ဖြစ်ပါသည်။ စားသုံးဆီအတွက် အစဉ်အလာအရ အဓိကအားထားရသော သီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာ စသည့် သီးနှံများဖြစ်ကြပြီး ယင်းသီးနှံများအနေဖြင့် ရာသီသဘာဝပေါ် အမှီပြု၍ စိုက်ပျိုးထုတ်လုပ်မှု အတက်အကျများပြားမှုရှိသည့် သီးနှံများဖြစ်ကြပါသည်။ ပြည်တွင်းစားသုံး ဆီလိုအပ်ချက်အား ဆီထွက်သီးနှံများအနေဖြင့် ဖူလုံစွာ ထုတ်လုပ်ပေးနိုင်ခြင်း မရှိပါသဖြင့် အခါအားလျော်စွာ ပြည်ပမှ စားသုံးဆီများကို နှစ်စဉ် တန်ချိန် နှစ်သိန်းခန့် တင်သွင်းရပါသည်။

စားသုံးဆီလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆီထွက်သီးနှံများအနက် တစ်ဧက ဆီထွက်နှုန်းကောင်းသော ဆီအုန်းစိုက်ပျိုးခြင်းမှ ရရှိစေမည်ဖြစ်သည်။ မြန်မာနိုင်ငံ ရေမြေရာသီဥတုအရ ဆီအုန်းတစ်ဧကမှ ဆီသီးခိုင်ပျမ်းမျှ ၅ တန် ထွက်ရှိနိုင်ပါသည်။ ယင်းမှ ဆီကြမ်း တစ်တန်ခန့် ထုတ်လုပ်ရရှိမည်ဖြစ်ပါသည်။ ဆီကြမ်းတစ်တန်သန့်စင်ပါက စားဆီချော ၁/၃ တန်ခန့် ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် စားအုန်းဆီတန်ချိန် တစ်သိန်း လိုအပ်ပါက ဆီအုန်း စိုက်ဧက ၃ သိန်း စိုက်ပျိုးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဆီအုန်းဧက ၅ သိန်း စိုက်ပျိုးရန် ယခင်က လျာထားဆောင်ရွက်ခဲ့ရာ လက်ရှိအားဖြင့် ဆီအုန်း ၄၀၀၆၉၄ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ပါသည်။ ဆီအုန်းစိုက်ပျိုးရန်အတွက် အဓိကလိုအပ်သော ဆီအုန်းမျိုးစေ့များကို ပြည်ပမှသာ တင်သွင်းခဲ့ရပါသည်။ ယခင်စိုက်ပျိုးခဲ့သည့် ဆီအုန်းဧရိယာများသည် စီးပွားရေးအပင်သက်တမ်းပြည့်မီ၍ ပြန်လည်စိုက်ပျိုးပါက မြန်မာနိုင်ငံရေမြေရာသီဥတုနှင့် သင့်လျော်ကိုက်ညီသည့် ဆီအုန်းမျိုးစေ့ ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှ ဆီအုန်းမျိုးစေ့ တင်သွင်းရရှိမှုကို လျော့ကျသွားစေမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းမျိုးကွဲ ၁၉ မျိုးအား ၃၉၅၅၂ ဧကဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိပါသည်။

စီးပွားဖြစ်စိုက်ပျိုးသော ဆီအုန်းမျိုးများသည် စပ်မျိုး (Dura x Pisifera) များဖြစ်ပါသည်။ ယင်းစပ်မျိုးများသည် ပထမသားဆက်မျိုး (F1) ဖြစ်သဖြင့် ယင်းစိုက်ကွက်ထဲမှ ရရှိသော အသီးမှ ရသည့်အစေ့များကို မျိုးအဖြစ် အသုံးပြု၍ မရပါ။ စပ်မျိုးရရှိအောင် ရွေးချယ်မွေးမြူထားသော မိခင် မျိုးပင်နှင့် ဖခင်မျိုးပင်ကို မျိုးစပ်ပေးမှသာလျှင် ရရှိပါသည်။

နိုင်ငံခြားမှတင်သွင်းသော ဆီအုန်းမျိုး များကို လေ့လာပြီး အသီးခိုင်အထွက်နှုန်း အကောင်းဆုံးအပင်ကို ရွေးချယ်ကာဝတ်မှုန်ကူးခြင်း (Hand Pollination) ပြုလုပ်ပြီး မိခင်မျိုးလိုင်း (Dura)ပင် ၊ ဖခင်မျိုးလိုင်း (Pisifera)ပင်များ ထုတ်လုပ်ရပါသည်။ ယင်းထုတ်လုပ်ရရှိသော ဒုတိယသားဆက် မိခင်မျိုးလိုင်း (Dura)ပင်များ၊ ဖခင် မျိုးလိုင်း (Pisifera) ပင်များ ပွားများခြင်းနှင့် ဗီဇညံ့မှုများ (Inbreeding Depression) မရှိစေရန် Combination အမျိုးမျိုးဖြင့် မျိုးစပ်ပြီး ရရှိသော စပ်မျိုးအတွဲများ Genetic Crosses တတိယ သားဆက်များရရှိအောင် စမ်းသပ်ကွက်များကို စိုက်ပျိုးရေးဦး စီးဌာန ၊နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ဟတ်စခင်း) တွင် စိုက်ပျိုးထားရှိပြီး ဖြစ်ပါသည်။




မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်း စတင်စဉ် ကာလများတွင် ဆီအုန်းစပ်မျိုး မထုတ်လုပ်နိုင်သေး၍ ဆီအုန်းမျိုးစေ့များကို မလေးရှား၊ ကော့စတာရီကာ၊ နိုင်ဂျီးရီးယား စသည့်နိုင်ငံများမှ ဈေးကြီးပေး၍ ဝယ်ယူတင်သွင်း စိုက်ပျိုးရသဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးမှု နှောင့်နှေးခဲ့ပါသည်။ ဝယ်ယူတင်သွင်း သော ဆီ အု န်း မျိုး များ သ ည် လ ည်း မြန်မာနိုင်ငံ ဒေသရေမြေရာသီဥတုနှင့် သင့်လျော်မှုရှိ မရှိ မသေချာသော မျိုးများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်း၌ ဆီအုန်းစပ်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန် မဖြစ်မနေ လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ဆီအုန်းမျိုးရိုးဗီဇများ (Germplasm) လုံလောက်စွာ မရရှိသေးသော်လည်း လက်ရှိအနေအထားဖြင့် ဆီအုန်းမျိုးစေ့များ ထုတ်လုပ်နိုင်သည့် အခြေအနေတွင် ရှိနေပြီးဖြစ်ပါသည်။ လိုအပ်သော ဆီအုန်းမျိုးစေ့များ ထုတ်လုပ်သွားခြင်းအားဖြင့် ဆီအုန်းမွေးမြူရေးအခန်းကဏ္ဍ (Oil Palm Breeding) သည်လည်း ပိုမိုအဆင့်မြင့်သည်ထက် မြင့်လာမည်ဖြစ်ပါသည်။

စီးပွားဖြစ်စိုက်ပျိုးသော ဆီအုန်းစပ်မျိုး (Tenera) ထုတ်လုပ်ရရှိရန် (Dura) မိခင်ပင်နှင့် (Pisifera) ဖခင်ပင်များကို မျိုးစပ်ရန် လိုအပ်ပါသည်။ Dura မိခင်ပင်ရွေးချယ်ရာတွင် အသီးခိုင် အထွက်နှုန်းကို အခြေခံထားပါသည်။ တစ်ပင်ချင်းရွေးချယ်ခြင်း၊ အပင်အုပ်စုအလိုက် ရွေးချယ်ခြင်း နှစ်မျိုးစလုံးဆောင်ရွက်ရပါသည်။ အထွက်နှုန်းအကောင်းဆုံးအုပ်စုထဲမှ အထွက်နှုန်းအကောင်းဆုံး အပင်ကို ရွေးချယ်ရာတွင် တစ်နှစ်လျှင် တစ်ပင်မှ ဆီသီးခိုင်အထွက်များပြီး ပျမ်းမျှဆီသီးခိုင်အထွက် နှုန်း (၂၀၀ kg/palm) ကျော်သော အပင်များကို ရွေးချယ်ရပါသည်။ ဆီအုန်းစပ်မျိုးထုတ်လုပ်ရာတွင် အဓိကအရေးကြီးဆုံးမှာ အဖိုမျိုးပင် (Pisifera) ဖြစ်ပါသည်။ Pisifera ဖခင်ပင်များသည် ပန်းခိုင် အထွက်များသော်လည်း အသီးတင်နှုန်းနည်းပါသည်။ ဒါကြောင့် မိခင်၊ ဖခင်စပ်မျိုးတူ အထွက်နှုန်း ကောင်းသော Tenera ပင်ကို အခြေခံ၍ Sex Ratio (%) ကောင်းပြီး နိမ့်သော Sterile Pisifera အပင်များကို ဦးစားပေး ရွေးချယ်ထားပါသည်။

မိခင်မျိုးလိုင်း (Dura x Dura) ပင်များနှင့် ဖခင်မျိုးလိုင်း (Tenera x Tenera) ပင်များကို သတ်မှတ်ထားသည့် အရည်အသွေးအတိုင်း ရွေးချယ်ထားပြီးသောအခါ လူဖြင့် ဝတ်မှုန်ကူးမျိုးစပ် ခြင်း လုပ်ငန်းများ ဆောင်ရွက်ပါသည်။ ဝတ်မှုန်ကူးမျိုးစပ်ရန်အတွက် ရွေးချယ်ထားသော Pisifera ဖခင်မျိုးလိုင်းအပင်၏ အဖိုပန်းခိုင်များနှင့် Dura မိခင်လိုင်းအပင်၏ အမပန်းခိုင်များကို ပန်းခိုင်ဖုံးများ မကွဲခင်၊ ပန်းမပွင့်ခင် (၁၀)ရက်ခန့် ကြိုတင်ပြီး PBS Standard Polination Bag (2D,3-2W) အိတ်များဖြင့် စွပ်ပေးပါသည်။

ဝတ်မှုန်စွပ်အိတ်များ စွပ်ရာတွင် အမပန်းပွင့် များပေါ်သို့ မလိုလားအပ်သော ဝတ်မှုန်များ မကျစေရေးအတွက် အထူးဂရုစိုက် ဆောင်ရွက်ရန် အလွန်လိုအပ်ပါသည်။ အဖိုပန်းပွင့်များ ပွင့်လာသောအခါ ပန်းခိုင်ကိုဖြတ်ယူပြီး ဝတ်မှုန်များကို အိတ်တွင်ပါရှိသော ပလပ်စတစ်အိတ်အတွင်းသို့ ခါချပါသည်။ ရရှိသော ဝတ်မှုန်များကို ဇကာဖြင့်စစ်၍ အမှိုက်များကို ဖယ်ရှားကာ အခြောက်ခံကိရိယာ Dessicator တွင် ပါးပါးဖြန့်ထားပြီး အခြောက်ခံပါသည်။ အခြောက်ခံထားပြီးသော ဝတ်မှုန်များကို ဖန်ဗူးအသေးများဖြင့် လေလုံပိတ်သိုလှောင်ထားပါသည်။ အိတ်စွပ်ထားသော အမပန်းခိုင်များ ပန်းပွင့်လာသောအခါ ယင်းပန်းပွင့်များပေါ်သို့ ဝတ်မှုန်များကို ကူးပေးပါသည်။ ဝတ်မှုန်ကူးရာတွင် လေညှစ်ဗူးများကို အသုံးပြုပြီး လေညှစ်အားဖြင့် မှုတ်ထုတ်ခြင်းဖြစ်ပါသည်။ ဝတ်မှုန်ကူးရာတွင် လတ်ဆတ်သည့် ဝတ်မှုန်များကိုသာ အသုံးပြုပါသည်။ တစ်ပတ်ကျော်သိုလှောင် ပြီးသော ဝတ်မှုန်များကို အသုံးမပြုပါ။ အသီးတင်နှုန်းကောင်းစေရန် အမပန်းခိုင်တစ်ခိုင်ပေါ်တွင် ၃ ရက်ဆက်၍ ဝတ်မှုန်ကူးပေးပါသည်။ ဝတ်မှုန်ကူးပြီး တစ်လခန့်ကြာသောအခါ အမပန်းခိုင်အား အိတ်စွပ်ထားသော အိတ်များကို ဖြုတ်ပေးပါသည်။ ဝတ်မှုန်ကူးပြီး ၆ လကြာတွင် ရင့်မှည့်သော အသီးခိုင်များကို ခုတ်သိမ်းပြီး အဆင့်ဆင့် ဆီအုန်းမျိုးစေ့ ထုတ်ယူကာ အပင်ဖောက်ခြင်း၊ ပျိုးခင်း တည်ထောင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး ပျိုးပင်များကို ရွေးချယ်စိုက်ပျိုးသွားခြင်းဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်သော ဆီအုန်းစိုက်ခင်းများ ရရှိလာမည်ဖြစ်ပါကြောင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်သော တောင်သူဦးကြီးများနှင့် ပြည်သူများထံ နည်းပညာပေး တင်ပြအပ်ပါသည်။

ရွှေကော့သောင်း